အောင်မြင်စာပေ

# မာလာချို

အချစ်ဟာသ
လုံးချင်းဝတ္ထုသစ်

## မီးနှပ်(စ်)ရဲ့ဇာမ်းငြ







ဖြန့်ချိရေး-အောင်မြင်စာပေ

## နိုင်ငံတော်၏ အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



မိုးနှင်း(ဗ)ရဲ့

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၆၂၈၀၅၁၀၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၇၅၀၆၁၀၊

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

ဖုန်း – ၅၄၁၇၄၅၊၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊၀၉ ၅၀ ၂၁၃၅၄ ။

ပထမအကြိမ် – ၂၀၁၀ ခုနှစ်၊ (နိုဝင်ဘာလ)၊

အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်





၈၉၅.၈၃

မာကျူရီ

ဝီးနပ်စ်ရဲ့ကမ်းခြေ/မာကျူရီ။ – ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၀။

၁၆၀ – စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) မာကျူရီ

## (၁)

'**တက်**သစ်စ အဆိုတော်စုံတွဲရဲ့အနာဂတ် တီးတိုး . .'

ဂျာနယ်ထဲ စာလုံးမည်းကြီးနှင့် ပါလာသော ခေါင်းကြီးပိုင်းကို ဖတ်ပြီး ဆက်မော် သဘောကျသွားသည်။

"ဘာဖြစ်လဲ. . . ဘာဖြစ်လဲ. . . တီးတိုးမဟုတ်ဘူးကွ၊ အကျယ်ကြီး. . . အကျယ်ကြီး၊ ဟမ်း. . . ဘာရေးထားလဲ ကြည့်လိုက်ဦးမယ်၊ သတ်ပုံမှားလို့ကတော့ မင်းတို့ နာပြီမှတ်"

ဆက်မော် တစ်ယောက်ထဲ ရေရွတ်ရင်း ခေါင်းကြီးပိုင်းနှင့်

ညွှန်ထားသည့် အတွင်းစာမျက်နှာဆီ အပြုံးအပြဲ ရှာနေစဉ်. . .

တီတီ. . တီတီ. . တီတီ. . .

ဖုန်းခေါ်သံကြောင့် ဂျာနယ်ပိတ်ပြီး ဖုန်းဖွင့်ကြည့်လိုက်သည်။

(အိုး. . . ငါ့ရဲ့နိုရာလေး)

နိုရာ တစ်ပတ်လုံး ဖုန်းမကိုင်လို့ သူ့ကိုယ်သူ နတ်ကိုင်ခံထားရသလို ရူးချင်နှမ်းချင် ဖြစ်နေတုန်း ဖုန်းဝင်လာခြင်းက ဆက်မော်အတွက် ပူတုန်းအိုက်တုန်း ရေခဲတိုက်ထဲ ရောက်သွားသလို အတော့်ကို ထိတ်ထိတ်ပျာပျာ ပျော်ရွှင်သွားမိသည်။

ခုံပေါ်က ဆင်းပြီး ကြမ်းပြင်ပေါ် ဂွမ်းလိုမ့်ချပြီးမှ ဖုန်းလက်ခံလိုက်ပါသည်။

"ဟယ်လို. . . အချစ်လေး. . . မောင့်ရဲ့အသက်ဗူးလေး"

"ကိုဆက်. . . နိုရာပါ၊ အိမ်မှာ ရှိလား"

"အင်း. . . အိမ်မှာပဲ၊ အပြင်မထွက်ဖြစ်ဘူး၊ သီချင်းတစ်ပုဒ် ရေးနေတာ မပြတ်သေးလို့"

နိုရာက ခဏတိတ်ဆိတ်သွားပြီးမှ. . .

"ပြောစရာရှိလို့ ကိုဆက်အခန်းပဲ လာမယ်လေ"

ဆက်မော် တစ်မျိုးဖြစ်သွားရသည်။ နိုရာက ဒီလို တစ်ခါမှ မပြောဖူးပါ။ သူနှင့် ချစ်သူတွေ ဖြစ်ကတည်းက အပြင်မှာပဲ တွေ့တာများသည်။ သူငယ်ချင်းတစ်ယောက်နှင့် အတူနေသော ဆက်မော်အခန်းသို့ မလာချင်ဟုပဲ ပြောခဲ့သည်။

ခုတော့ နိုရာက သူ့အခန်းထိအောင် လာမည်တဲ့လေ။

စဉ်းစားရင်းနှင့်ပင် ဆက်မော်က. . .

"လာခဲ့လေ နိုရာ၊ ကိုယ် ဒီကပဲ စောင့်နေမယ်"

ဖုန်းချသွားသည့်တိုင်အောင် ဆက်မော် တွေဝေနေဆဲ။ သူနှင့် နိုရာတို့အကြောင်းကို ပြန်စဉ်းစားနေမိသည်။

နိုရာသည် အောင်မြင်စပြုနေသော အဆိုတော်မလေး၊ သူက တော့ တေးရေးဆရာ၊ ဖြစ်ချင်တော့ နိုရာ ခုလို မအောင်မြင်ခင်ကပဲ ရှိုးပွဲတစ်ခုမှာ နိုရာနှင့် ဆုံတွေ့ခဲ့ရသည်။

သူငယ်ချင်းတစ်ယောက်ကြောင့် မိတ်ဆွေတွေ ဖြစ်ခဲ့ရပြီး နောက်ပိုင်းမှာ နိုရာနှင့် ခဏခဏ ဆုံဖြစ်ခဲ့၏။

နောက်တော့လည်း သူ ရေးပေးခဲ့သည့် သီချင်းတစ်ပုဒ်နှင့်ပင် နိုရာဆိုသောနာမည်မှာ ထင်ရှားလာခဲ့သည်။ တဖြည်းဖြည်း ပတ်သက်မှု တွေ များလာတော့ ချစ်သူတွေအဆင့်ထိအောင် ရောက်ခဲ့သည်ပေါ့။

ဆက်မော် ခေါင်းထဲမှာလည်း သီချင်းဆယ်ပုဒ်လောက် ရေးလျှင် နိုရာအတွက် ငါးပုဒ်လောက် ဖြစ်ချင်နေမိသည်။

ခုပင် ဂျာနယ်မဂ္ဂဇင်းတွေထဲမှာ သူတို့နှစ်ယောက်၏ တွဲသွားတွဲ လာပုံများ၊ အင်တာဗျူးများ ပါနေကြပြီ။ တစ်နိုင်ငံလုံးက မသိကြပေမယ့် ဒီဂီတလောက အသိုင်းအဝိုင်းနှင့် ဂျာနယ်မဂ္ဂဇင်းဖတ်သည့် ပရိသတ် တွေကတော့ ရိပ်မိကြသည်။

ဘယ်လိုပဲဖြစ်ဖြစ် သူကတော့ သူချစ်သော ကောင်မလေးကို နောက်ကွယ်ကပဲ ပံ့ပိုးပေးနေချင်သည်။ ကျန်တာ ဘာတွေမှမလို၊ နိုရာ၏အချစ်နှင့်ပင် သူ့ဘဝ ပြည့်စုံနေပြီ။

ခုလည်း အိမ်ထိအောင် လာပုံထောက်လျှင် နိုရာ ဘာတွေ အရေးတကြီး ပြောစရာရှိသည်မသိ။ ဆက်မော်ကတော့ နိုရာ လာမည်

ဟု ဆိုသဖြင့် ရှုပ်ပွနေသော အခန်းကို ရှင်းလင်းနေမိသည်။

သိပ်မကြာလိုက်ပါ။ ဖုန်းဆက်ပြီး ဆယ့်ငါးမိနစ်လောက် အကြာမှာပဲ တံခါးဘဲလ်တီးသံ ကြားလိုက်ရသည်။

ဆက်မော် အပြေးလေး သွားဖွင့်လိုက်၏။

"နိုရာ မြန်လှချေလား"

အပြုံးနှင့် ပြောလိုက်သော်လည်း နိုရာက မျက်နှာသေလေးဖြင့်ပင် အခန်းထဲ ဝင်လာပြီး. . .

"ကိုဆက်. . . ပြောစရာရှိတယ်"

ဆက်မော်က. . .

"ဟုတ်ပါပြီ. . . နိုရာပဲ ဖုန်းထဲမှာ ပြောခဲ့တာလေ၊ ထိုင်ပါဦး"

ပြောရင်း ရေခဲသေတ္တာထဲမှ ရေခဲရည်တစ်ခွက်ပင် သွားယူပေးလိုက်၏။

ဆက်တီမှာ ထိုင်နေသော နိုရာက ရေခဲရည်ကို တစ်ငုံ့ငုံ့လိုက်ရင်း. . .

"ကိုဆက်"

"ဟင်. . . ဘာလဲ နိုရာ"

နိုရာက မျက်လွှာလေးကို ချကာ. . .

"ပြီးခဲ့တာတွေကိုတော့ ဘာမှ မပြောချင်ဘူး ကိုဆက်၊ ဒါပေမယ့် ရှေ့ဆက်ပြီးတော့ နိုရာနဲ့ကို ဆက်လက်တွဲဖို့ မဖြစ်နိုင်တော့ဘူးလို့ ပြောမလို့ပါ"

"ဘာ. . . ဘာပြောတယ် နိုရာ"

အလန့်တကြား ဆက်မေးလိုက်မိသည်။ ကြားလိုက်ရသော

ကိုယ့်နားကိုပင် သိပ်မယုံချင်မိ။

နိုရာက ရင်မဆိုင်ရဲသလို မျက်နှာနှင့်ပင်. . .

"ဆောရီးပါ ကိုဆက်၊ နိုရာတို့ လမ်းခွဲမှ ဖြစ်တော့မယ်"

"ဘာကြောင့်လဲ နိုရာ"

ဆက်မော် နာနာကျင်ကျင်ပဲ မေးလိုက်မိသည်။

နိုရာက. . .

"အချစ်ဆိုတာကို နိုရာ ခေါင်းစဉ်မတပ်ချင်တော့ဘူး ကိုဆက်၊ အကြောင်းကြောင်းကြောင့် ခုလိုပြောရတယ်လို့ပဲ သဘောထားပေးပါ"

"အကြောင်းကြောင်းဆိုတာ ဘာလဲ နိုရာ၊ ကိုယ်က မအောင်မြင်သေးလို့လား၊ ဒီတေးရေးဘဝနဲ့ ဘဝကို မရပ်တည်နိုင်သေးလို့လား. . . ပြောစမ်းပါ"

"နိုရာ ဘာမှ မပြောချင်ပါဘူး၊ ကိုဆက်ကျေးဇူးတွေ နိုရာအပေါ်မှာ ရှိပါတယ်၊ နိုရာ မမေ့ပါဘူး၊ ဒါပေမယ့်. . ."

ဆက်မော်က ခြောက်ကပ်ကပ် ရယ်လိုက်ရင်း. . .

"တော်ပါတော့ နိုရာ၊ အဲဒီ ဒါပေမယ့်ရဲ့နောက်ကွယ်မှာ ဘာတွေရှိတယ်ဆိုတာ ကိုယ်သိပါတယ်၊ ဒါပေမယ့် ချစ်ခဲ့ကြတယ်ဆိုတာ အိပ်မက်မဟုတ်ဘူးနော်၊ ဘာပဲဖြစ်ဖြစ် နိုရာသဘောအတိုင်းပါပဲ၊ နိုရာ ပြန်လာမယ်ဆိုရင် ကိုယ်စောင့်နေမှာပါ"

စကားအဆုံးမှာ နှစ်ယာက်သား စိုက်ကြည့်နေမိကြသေးသည်။

နိုရာရင်ထဲမှာ ပြောစရာစကား မရှိတော့သည်လား၊ ပြောပဲမထွက်တော့သည်လားမသိ၊ မျက်နှာကို လက်ဝါးနှင့် အုပ်ကာ အိကနဲငိုရှိုက်ရင်း ဆက်မော်ရှေ့မှ လှည့်ထွက်သွားလေသည်။

ဆက်မော် ငူငူငေါင်ငေါင်ကြီး ရပ်နေရာမှ တင်ပါးကို အပ်နှင့် အထိုးခံလိုက်ရသလို ဆတ်ခနဲ တွန့်သွားပြီး အခန်းအပြင်ထွက်ကြည့်သည်။

နိုရာ မရှိတော့ပြီ။

ထို့အပြင် နောက်ထပ် ဘယ်သူတစ်ဦးတစ်ယောက်မှလည်း မတွေ့တော့၍ အခန်းတံခါးပိတ်ကာ ပြန်ဝင်လာခဲ့သည်။

ယခု နိုရာ ပြောခဲ့သောစကားတွေသည် အိပ်မက်မဟုတ်မှန်းလည်း ဆက်မော် နားလည်ပါသည်။

သို့သော်. . .

ဘာတစ်ခုမှ ပြင်ဆင်ခွင့် မရှိတော့ပြီလား။

နိုရာနှင့် ပတ်သက်ခဲ့သမျှတွေကို ပြန်စဉ်းစားရင်း မျက်ဝန်းထဲမှာပင် မျက်ရည်ကြည်များ ရစ်ဝိုင်းလာတော့၏။

အခန်းအလယ်ခေါင်ရောက်မှ ခြေထောက်ကို ခပ်ကားကားလေး ခွဲရပ်ကာ ခေါင်းကို မော့ထားသည်။

(သွားပြီပေါ့. . . ငါတစ်သက်လုံး မွေးလာတဲ့ကြက်. . အဲ. . အဲ. . ငါတစ်သက်လုံး မွေးလာတဲ့အချစ်. . . တောက်. . . )


"ဟား. . အား. . ဟား. . အားဝါး. . . အာဝါး"

ရင်ထဲ နင့်နင့်ကြေကြေ တွေးရင်း မခံမရပ်နိုင်အောင် ပွင့်ထွက်လာသလိုမျိုး စိတ်လွတ်ကိုယ်လွတ် အော်ထုတ်ပစ်လိုက်သဖြင့် နည်းနည်းစိတ်သက်သာသလို ရှိသွားသော်လည်း အခန်းတံခါး ခေါက်သံကြောင့် မသက်မသာ သွားဖွင့်ပေးရသည်။

"ဟင်"

အခန်းဝမှာ ပြုံးကြည့်နေသော ဘေးအခန်းက လူတွေကို သူဘာပြောလို့ပြောရမှန်းမသိ ဖြစ်နေပြီးမှ ဟီးခနဲ တစ်ချက်ရယ်ပြကာ တံခါးဆွဲပိတ်လိုက်ရလေတော့၏။





## (၂)

"ဘူးထွားဟားဟားဟား. . . အသည်းကွဲလို့သောက်တာ ဘာဖြစ်လဲ ဘာဖြစ်လဲ ××× ဘူးထွားဟားဟားဟား ××× ငါ့ရည်းစား ကုလားနဲ့ ညားပြီကွယ်. . . ဂျန့်တန့်တန့် ×× ဂျန့်တန့်တန့်"

"စိတ်ညစ်တယ် ဆက်မော်ရာ၊ မင်းတော့ အပျက်အပျက်နဲ့ နှာခေါင်းပါ ပုပ်တော့မယ်"

တစ်ခန်းတည်း အတူနေသော သူငယ်ချင်းဖြစ်သူ၏စကား ကြောင့် ဆက်မော် ဂစ်တာကို ချပြီး အရက်ခွက် ကောက်ကိုင်လိုက်

ပါသည်။

"မင်းနဲ့ကျမှပဲ နှာခေါင်းသွေးထွက်တာကနေ ပုပ်ရတယ်လို့ ဟား . . ဟား . . ဟား . . ဟား"

"ဂလု . . . ကွပ်"

"မင်းအဆင့်က သွေးထွက်တဲ့အဆင့် ကျော်သွားပြီကွ၊ အဲဒါ မင်းသိလား"

"သိဒယ် . . . သိဒယ်"

ဝင်းမိုးကို ရီဝေဝေ ပြန်ကြည့်လိုက်ကာ . . .

"ဘာဖြစ်လို့လဲ ဝင်းမိုးရာ . . . ငါ့ဟာငါ နေချင်သလိုနေတာ ဘယ်သူ့ကို ဘာထိခိုက်နေလို့လဲ"

ဝင်းမိုးက မျက်နှာထား တည်တည်နှင့်ပင် . . .

"အေး . . . ဘယ်သူ့ကိုမှတော့ မထိခိုက်ဘူးကွ၊ ဒါပေမယ့် မင်းဘဝကို မင်းပဲ ထိခိုက်နေတာ၊ ဘာဖြစ်လဲကွာ . . . သူကြင်မှ ကိုယ်ကြင်ပေါ့"

စကားအဆုံးမှာ လက်ကာပြရင်း . . .

"ခဏလေး ဝင်းမိုး၊ လူဆိုတာ ကိုယ်ခံစားရတာကို ကိုယ်ပဲ သိတယ်ကွ၊ မင်း အချစ်ဆိုတာကို ခံစားဖူးရဲ့လား"

ဝင်းမိုးက . . .

"အဲဒါတော့ ငါ နားမလည်ဘူး ဆက်မော်၊ ဒါပေမယ့်ကွာ မင်းလည်း သူ့အတွက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးခဲ့တာပဲ၊ မင်းသီချင်းနဲ့ အောင်မြင်သွားတာလည်း ငါသိတယ်၊ သူ့ဘာသူ နာမည်ရလို့ ခေါက်သွားတာကို မင်းက တစ်ဖက်သတ် ခံစားပြီး အရက်ချည်းပဲ

သောက်နေတာ မင်းဘဝကို ဒီလိုပဲ အဆုံးသတ်တော့မှာလား”

ဆက်မော် တွေဝေသွားရ၏။

နိုရာ လမ်းခွဲသွားပြီးကတည်းက သူ စိတ်လေပြီး အရက်ပဲ သောက်နေမိသည်။

အလုပ်ပင် မလုပ်ဖြစ်။ လုပ်ချင်စိတ်လည်း မရှိပါ။ ဒီအတိုင်း နေ့ရောညပါ သောက်နေခဲ့တာပင် ကြာပြီ။ ,

အတန်ကြာ စဉ်းစားနေရင်းမှ ဆက်မော် နာနာကျင်ကျင် ရယ် လိုက်မိသည်။

ပြီးမှ. . .

“မင်းပြောတာ မှန်ပါတယ်ကွာ၊ ဒါပေမယ့် ငါ့စိတ်ထဲမှာရော နှလုံးသားထဲမှာပါ မေ့လို့မရသေးဘူး၊ အရာအားလုံး အိပ်မက်သာ ဆိုရင် ကောင်းမှာပဲ”

“ခု လက်ရှိအခြေအနေက အိပ်မက်မှ မဟုတ်တာပဲ၊ မင်းရော ငါပါ ကိုယ့်ဘဝကို ရွေးချယ်ပြီး ရည်ရွယ်ချက်တစ်ခုစီနဲ့ ရန်ကုန်တက် လာခဲ့တာ၊ မင်းလည်း ခု ထိုက်သင့်သလောက် နာမည်ရနေပြီ၊ ဝင်ငွေ လည်း ရှိနေပြီ၊ ခု ဒီပြဿနာကြောင့် မင်းရောက်နေတဲ့နေရာပါ ပျောက် သွားလိမ့်မယ်ကွ”

ပြောရင်း ဝင်းမိုးက ဒေါသသံပင် ပါလာသည်။

ဒီစကားတွေသည် စေတနာ ဒေါသတွေမှန်းလည်း ဆက်မော် နားလည်ပါသည်။ သို့သော် ရင်ထဲက အပူကို ဘာနှင့် ငြိမ်းသတ်ရမည် မှန်းမသိ။

ထို့ကြောင့်. . .

"ငါလည်း ဘာလုပ်ရမလဲ မသိတော့ဘူးကွာ၊ မေ့လို့မရသေး ပေမယ့် ဖြစ်နိုင်ရင် အရာအားလုံးကို မေ့ပစ်လိုက်ချင်တယ်"

"ဒါဆိုလည်း မင်းစိတ်အပြောင်းအလဲ ဖြစ်သွားအောင် ခရီး လေးဘာလေး ထွက်လိုက်ပါလား"

"ဘယ်လို. . . ခရီးထွက်ရမယ် ဟုတ်လား"

ဝင်းမိုးက ခေါင်းညိတ်ပြရင်း. . .

"အေးလေ. . . စိတ်အပြောင်းအလဲဖြစ်အောင် ကမ်းခြေတစ် နေရာပဲဖြစ်ဖြစ် သွားလိုက်ပါလား၊ ဒီမှာဆိုရင် ဒါတွေပဲ ပြန်စဉ်းစားပြီး မင်း ဒီအတိုင်းပဲ ဖြစ်နေမှာ"

စကားအဆုံးမှာ ဆက်မော် တွေဝေသွားရသည်။ သူ ဒီလို ခရီးထွက်လိုက်လျှင် ဝင်းမိုးပြောသလို စိတ်အပြောင်းအလွဲများ ဖြစ်သွားမလား။

ဘာပဲဖြစ်ဖြစ် ပတ်ဝန်းကျင်အသစ်ကတော့ သူ့ဒဏ်ရာတွေကို သက်သာစေလိမ့်မည်ဟု ထင်မိသည်။

ပြီးတော့ စိတ်သစ်လူသစ်နှင့် အလုပ်လုပ်ရန် ပြန်အားမွေးလို့ ရမည်ပေါ့။

ဒီပတ်ဝန်းကျင်မှာ နေလျှင် ဟိုလူမေး ဒီလူမေးနှင့် ဒီစကား တွေပဲ ဖြေရှင်းနေရပြီး စိတ်ညစ်ရတာပဲ အဖတ်တင်လိမ့်မည်။

ထို့ကြောင့် ဆက်မော် ဆုံးဖြတ်လိုက်၏။

"အေး. . . မင်းပြောတာကောင်းတယ် ဝင်းမိုး၊ ဒီမှာဆိုရင် ဒါတွေပဲ စဉ်းစားပြီး ငါ့ကိုယ်ငါ နှိပ်စက်သလို ဖြစ်နေဦးမှာ၊ ငါ မနက်ဖြန် ခရီးထွက်တော့မယ်"

"ဘယ်ကို သွားမှာလဲ"

"ချောင်းသာကို"



မောကြီးပန်းကြီး
ကျွန်တော်ရောက်လာပါပြီ
ဘယ်လို?. . .
ပြန်စရဦးမယ်?. . ဟုတ်လား?. .
ဒါဆို. . . လမ်းဖယ်
အဲ့ဒါ ကျွန်တော့်ခရီးအစ. . ။



# (၃)

"ဟေး . ."

ပင်လယ်ပြင်ကြီးကို ကြည့်ရင်း ကမ်းစပ်မှ ဆက်မော် အော်လိုက်ခြင်း ဖြစ်သည်။ ရင်ထဲမှပင် မွန်းကျပ်မှုတို့ အနည်းငယ် လျော့ပါးသွားသလို ခံစားလိုက်ရ၏။ ကမ်းခြေရှိ သွားလာနေကြသောလူများ ကြည့်ကြသည်ကိုပင် စိတ်မဝင်စားအား၊ ဖြစ်နိုင်လျှင် ထပ်ကာထပ်ကာ အော်ဟစ်လိုက်ချင်သည်။

ပင်လယ်ကို ရပ်ကြည့်နေရင်းမှ နေထိုင်ဖို့ အခန်းတစ်ခု ငှားရန် သတိရမိ၏။ ရောက်ကတည်းက ဒီကမ်းခြေမှာပဲ ရပ်နေခဲ့တာပင် တစ်

နာရီလောက် ရှိပြီ။ ကျောပိုးအိတ်ကို ခပ်တင်းတင်း ပြန်လွယ်လိုက်ရင်း ပင်လယ်ကို ကျောခိုင်းကာ ကမ်းခြေရှိ ဟိုတယ်တွေဘက်ဆီ ထွက်ခဲ့၏။

Silver Beach Hotel

ဟိုတယ်ဆိုင်းဘုတ်ကို ဖတ်ရင်း ဆက်မော် ပြုံးလိုက်မိသည်။ ဒီဟိုတယ်က သူ နောက်ဆုံးရွေးချယ်ထားသောနေရာ။ ရှေ့က တခြား ဟိုတယ် လေးငါးခုလောက် ရောက်ခဲ့ပြီးပြီ၊ တစ်ခုမှ အဆင်မပြေပါ။

ကိုယ်က နေရာကြိုက်လျှင် ဈေးနှုန်းက အဆမတန် များနေတာမျိုး၊ ဈေးနှုန်းကြိုက်လျှင်ပင် ကိုယ့်အခန်း၏မြင်ကွင်းက မကောင်းသလိုမျိုး၊ ဒီလိုရွေးရင်းနှင့်ပင် ဤဟိုတယ်သို့ ရောက်လာခဲ့ရခြင်း ဖြစ်သည်။

ဟိုတယ်ဝင်းထဲ ဝင်သွားလိုက်ချင်းပဲ. . . ကြိုဆိုနှုတ်ဆက်လိုက်သည့် ဟိုတယ်ဝန်ထမ်းလေး၏ ဖော်ရွေမှုကြောင့် ဆက်မော် အနည်းငယ် ကျေနပ်သွားရသည်။

"ဆရာ ကြွပါခင်ဗျ၊ ကျွန်တော် ဘာများ ကူညီရမလဲခင်ဗျာ"

အလိုက်သင့်ပဲ ပြန်ပြုံးပြရင်း. . .

"ငါကွရင် မှောက်လဲမှာပေါ့ကွ၊ အံမာ. . . မင်းက ခြေထိုးခံပြီး ပြန်ထူပေးတာကို ကူညီတယ်လို့ ခေါင်းစဉ်တပ်ချင်တယ်ပေါ့"

"ဟာ. . . ဆရာကလည်း. . . ဟဲဟဲဟဲ၊ အခန်းငှားမယ် မဟုတ်လား ဆရာ"

"အိမ်ငှားလို့ရော ရလား"

"ခင်ဗျာ"

"နည်းနည်းကျယ်ကျယ်လွင့်လွင့်လေး ရမလားလို့ မေးနေ

တာ”

“ဩော်. . . အဟဲဟဲ၊ ကျွန်တော်တို့ ဟိုတယ်ခန်းက တစ်ရက် နေပြီးရင် တစ်သက်လုံး မပြန်ချင်တော့တဲ့နေရာမျိုးပါခင်ဗျာ၊ ကြွ. . ကြွ. . အဲ. . အဲ. . လျှောက်. . လျှောက်ပြီးလိုက်ခဲ့ပါ ဆရာ၊ ဆရာ့ စိတ်ကြိုက် ဖြစ်စေရပါမယ်၊ ”

ဆယ်မော် ပြုံးရယ်ရင်း ဟိုတယ်ဝန်ထမ်းလေးနောက်မှ လိုက် သွားလိုက်သည်။ ဟိုတယ်ပုံစံက အပြင်ဘက်မှ ကြည့်လျှင် သာမန်ဟု ထင်ရသော်လည်း အထဲမှာတော့ ထင်ထားသည်ထက်ပို၍ ခေတ်မီ ခမ်းနားတာကို တွေ့လိုက်ရ၏။ ဆက်မော်ပင်လျှင် အနည်းငယ် ဖြုံသွား ရသည်။

ဝန်ထမ်းလေးက ကောင်တာတစ်ခုဆီသို့ ဦးဆောင်ခေါ်သွား ပြီး. . .

“မမလေး. . . ဒီအစ်ကိုက အခန်းလိုချင်လို့တဲ့”

ကောင်တာမှ ကောင်မလေးက လက်တော့ပ် ကွန်ပျူတာကို ကြည့်နေရာမှ ဖျတ်ခနဲ မော့ကြည့်သည်။

ပြီးမှ နှစ်လိုဖွယ် ပြုံးပြရင်း. . .

“ဩော်. . . ဟုတ်ကဲ့၊ ကြိုဆိုပါတယ်ရှင်၊ အခန်းတွေကတော့ ပင်လယ်ဘက် လှည့်ထားတဲ့ View ပေါ် မူတည်ပြီး အမျိုးမျိုး ရှိပါ တယ်”

ဆက်မော်က ပခုံးတွန့်လိုက်ကာ. . .

“အင်း. . . ကျွန်တော့်အတွက်တော့ ‘ပြု’ နေတဲ့စိတ်တွေ ‘ပြုတ်’ ခနဲ ဆွဲထုတ်ပြီး ‘ဗျော်ဗျော်ကြီး’ နေခွင့်ရရင် တော်ပါပြီ၊ ဟို

လေ. . . နည်းနည်းဈေးသင့်မယ်ထင်တဲ့အခန်းမျိုးပေါ့”

“ရှန်”

ကောင်မချောချောလေး မျက်လုံးအဝိုင်းသားနှင့် လှသွားပြီးမှ. . .

“ဒါနဲ့ အစ်ကိုက ဈေးနှုန်းကို ဘယ်လောက်အသုံးပြုချင်လို့ပါလဲရှင့်”

ဆက်မော်က တစ်ချက်ရယ်လိုက်ပြီး. . .

“အဟဲ. . . ဒီလိုဗျာ၊ ကျွန်တော်က ဒီမှာ ဘယ်လောက်ကြာမယ် မသိဘူး၊ ကြာချင်လည်း ကြာမှာဆိုတော့ အခန်းခကို စရိတ်လျှော့ချင်လို့ပါ၊ တစ်ရက်ကို နှစ်သောင်းလောက် အခန်းမျိုးပေါ့”

“နှစ်သောင်း ဟုတ်လား”

“ဟုတ်ပါတယ်. . . ဒီမှာ နှစ်သောင်းနဲ့ တည်းလို့ရတဲ့အခန်း မရှိလို့လား”

ချက်ချင်းပဲ ဆက်မော် ပြန်မေးလိုက်၏။ ဒါမျိုးက မမေးလို့မှ မဖြစ်သည်ပဲ။ ကောင်မလေးက အားနာသလို ရယ်လိုက်ကာ. . .

“အားနာလိုက်တာရှင်. . . ကျွန်မတို့ဆီမှာ နှစ်သောင်းတန် အခန်းတွေ ရှိပါတယ်၊ ဒါပေမယ့် အဲဒီအခန်းတွေက လူပြည့်နေလို့ပါ၊ ဒီလိုလုပ်ပါလား. . . အပေါ်ထပ်မှာတော့ အခန်းလွတ်တွေ ရှိပါသေးတယ်၊ ဈေးနှုန်းတော့ နည်းနည်းပိုမယ်ရှင့်”

“အဲဒီအခန်းကကော တစ်ည ဘယ်လောက်လဲ”

“လေးသောင်းပါ”

“လေးသောင်း. . . ဟာ. . . မလေးလွန်းဘူးလားဗျာ၊ နည်း

နည်းပေါ့တာလေး ရှာကြည့်ပါဦး”

စိတ်ပျက်သော အမူအရာနှင့် ဆက်မော် ပြောလိုက်၍ ကောင်မလေးက ပျာပျာသလဲ ဟန်နှင့်ပင်. . .

“အို. . . ဒီလောက်လည်း မများပါဘူးရှင်၊ ဈေးနှုန်းပိုလာတာနဲ့အမျှ စိတ်ချမ်းသာမှုလည်း ပါလာမှာပါ။ အခန်းရဲ့ဖွဲ့စည်းပုံ၊ ဝရံတာ ထွက်ကြည့်ရင် မြင်ရမယ့်မြင်ကွင်းကအစ ဝန်ဆောင်မှုပါ ဒီကအစ်ကို စိတ်ချမ်းသာရမှာပါ။ အစစအရာရာအတွက် ကျွန်မတို့ ဟိုတယ်က အာမခံပါတယ်”

ကရားရေလွှတ် ပြောနေသည့် ကောင်မလေးကို ကြည့်ကာ ဆက်မော်ပင် အားနာလာရသည်။

ကိုယ်က ဘယ်နှစ်ရက် နေဖြစ်မည်မှန်း မသိသေးသဖြင့် စဉ်းစားနေခြင်းဖြစ်၏။

ဆက်မော် တွေဝေနေပုံကို ကြည့်ကာ ကောင်မလေးကပဲ. . .

“အစ်ကိုရယ်. . . ဈေးနှုန်းမြင့်တယ်ဆိုတာ ပြဿနာမဟုတ်ပါဘူး၊ အစ်ကို ဒီမှာနေတုန်း စိတ်ချမ်းသာဖို့ပဲ မဟုတ်လား”

“ဟုတ်ပါတယ်. . . ဒါပေမယ့်”

ပြောရင်း စကားဆက်ရှာမရသဖြင့် တစ်ဖက်သို့ မျက်နှာမူလိုက်မိသည်။

“ဟင်. . . နိုရာ”

တအံ့တသြ ရေရွတ်မိလိုက်သည်။ ကိုယ့်မျက်စိကိုပင် ကိုယ်မယုံချင်။

ဟိုတယ်ထဲ ဝင်လာသူက နိုရာဖြစ်နေသောကြောင့် ဖြစ်၏။

ဆက်မော် ရေရွတ်သံကြောင့်. . .

"ဟယ်. . . အစ်ကိုက အဲ့ဒီ မနိုရာကို သိလို့လား"

"အင်း. . . အဲ"

ဘာပြန်ပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ နိုရာက ဆက်မော်ကို မြင်သွားကာ မယုံနိုင်သော မျက်နှာပေးဖြင့် အနားသို့ ရောက်လာပြီး. . .

"ကိုဆက် ဒီကို ဘာလာလုပ်တာလဲ"

ရုတ်တရက် ဆက်မော် ဘာပြန်ပြောရမှန်း မသိသလို ကောင်တာမှ ကောင်မလေးကလည်း ကြောင်ပြီး ကြည့်နေ၏။

ဆက်မော်က ကြောင်တက်တက်နှင့်ပင်. . .

"အဲ. . ဟို. . ကိုယ်လည်း ကမ်းခြေလာတာပါ၊ နိုရာနဲ့ တွေ့မယ်လို့တောင် မထင်မိဘူး"

နိုရာ မျက်နှာလေးက ဆတ်ခနဲ တင်းသွားသည်။

မျက်မှောင်ကြုတ်ကာ ဆက်မော်ကို ပြန်ကြည့်ရင်း. . .

"ကိုဆက်. . . နိုရာတို့ကိစ္စက ပြီးသွားပြီနော်၊ ကိုဆက် ဘာဖြစ်လို့ နိုရာနောက်ကို လိုက်လာတာလဲ"

ဆက်မော်ရင်ထဲမှာ ဖျင်းကနဲ နာကျင်သွားရသည်။

နိုရာ ဒီနေရာမှာ ရှိနေလိမ့်မည်ဟု သူ ထင်မထားခဲ့ပါ။

သို့သော် မမျှော်လင့်ထားပါဘဲ နိုရာက ဒီကမ်းခြေသို့ ရောက်နေပြီး သူ့ကိုပင် စွပ်စွဲနေပြီ။

ဆက်မော်က စိတ်ကို လျှော့ချလိုက်ကာ. . .

"မဟုတ်ဘူး နိုရာ၊ မင်း ဒီမှာရှိနေမှန်းလည်း ကိုယ်မသိဘူး၊

ကိုယ့်ဘာသာ အနားယူဖို့ ရောက်လာတာ၊ အဲ့ဒီလောက်အထိ မပြော ပါနဲ့”

“ပြောရမှာပဲ ကိုဆက်၊ ဖြစ်ပြီးသားကိစ္စတွေကို မေ့လိုက်ပါလို့ နိုရာ ပြောခဲ့ပြီးပြီလေ၊ ခု ဒီနေရာအထိ ရောက်လာတာဟာ ကိုဆက် ရှိုးသားရဲ့လား ပြောစမ်းပါ”

“ဘာ. . .”

လှိုက်ကနဲ တက်လာသော ဒေါသကြောင့် ဆက်မော်အသံက ကျယ်သွားရသည်။

နိုရာကိုလည်း သူစိမ်းတစ်ယောက်လို ကြည့်မိ၏။

နိုရာမျက်ဝန်းတွေကလည်း အထင်သေးဟန်တွေက အထင်း သား။

ထိုစဉ်မှာပဲ. . .

“ဟာ. . . နိုရာရယ်၊ ကိုယ့်မှာ ရှာလိုက်ရတာ၊ ဟိုမှာ ထမင်း စားဖို့ စောင့်နေကြပြီ”

ပြောရင်း ဆက်မော်ကို ကြည့်လိုက်ကာ. . .

“ဩော်. . . အသိနဲ့ တွေ့နေတာကိုး၊ နိုရာ ကိုယ့်ကိုလည်း မိတ်ဆက်ပေးဦးလေ”

နိုရာက သက်ပြင်းချလိုက်ရင်း. . .

“ရဲသူ. . . ဒါက တို့ရဲ့မိတ်ဆွေ ကိုဆက်မော်တဲ့၊ ကြားဖူးမှာ ပေါ့၊ သီချင်းရေးတာလေ၊ ကိုဆက်မော် သူက ရဲသူ၊ Voice အဖွဲ့ ခေါင်းဆောင် ရက်ပါပေါ့”

ဒီလောက်ဆိုလျှင် ဆက်မော် သဘောပေါက်လိုက်မိပြီ၊ ရဲသူ

ဆိုတာ ခု နိုရာနှင့် တွဲနေသည်ဟု နာမည်ကြီးနေသော ရက်ပါလေးပဲ၊ သူနှင့် နိုရာတို့အကြောင်းတွေကိုလည်း ရဲသူ သိမှာ သေချာလှသည်။

ဆက်မော် ဘာမှ မပြောခင်မှာပဲ ရဲသူက. . .

"ခုမှပဲ တွေ့ဖူးတယ်ဗျာ၊ နာမည်တော့ ကြားဖူးနေတာ ကြာပါပြီ၊ အဟဲ. . . ကျွန်တော်တို့က (Beach Show)တစ်ခု လာရိုက်တာဗျ၊ ကြုံရင်လည်း လာခဲ့ပါဦး၊ ဒါနဲ့ ခင်ဗျားက ဒီဟိုတယ်မှာပဲ တည်းတာလား"

ဆက်မော် တစ်မျိုးဖြစ်သွားရသည်။ ရဲသူပြောပုံက ကိုယ်ကပဲ ဒီဟိုတယ်မှာ မတည်းနိုင်သလိုလို။

ထိုအချိန်မှာပဲ နိုရာက. . .

"ကဲ. . . ရဲသူ ထမင်းစားမယ်ဆို သွားစားရအောင်လေ"

"အင်း. . . သွားတာပေါ့၊ ကိုဆက်မော် လစ်ပြီဗျာ"

ပြောရင်းပင် လှည့်ထွက်သွားသည့် နိုရာ့ပခုံးကို သိုင်းဖက်ကာ နှစ်ယောက်သား ထွက်သွားကြ၏။ ဆက်မော် အကြောင်သား ငေးကြည့်ရင်း ကျန်ခဲ့ရသည်။

တကယ်တော့ နိုရာ သူ့ကို ဖြတ်ပြီး သိပ်မကြာခင်မှာပဲ ရဲသူဆိုသော ကိုရက်ပါလေးနှင့် တွဲနေမှန်း ကြားမိပါသည်။

သို့သော်. . .

ယခုလိုပုံစံမျိုးနှင့် မြင်ရလိမ့်မည်ဟု ထင်မထားမိခဲ့ပါချေ။ အပြောင်းအလဲ မြန်လွန်းသည့် နိုရာကြောင့် ဆက်မော် တော်တော်လေး စိတ်ထိခိုက်သွားရ၏။

သူ့ဘဝကို လှေကားထစ်လို အသုံးချသွားသည့်တိုင်အောင်

ရင်ထဲမှာ စိတ်မနာနိုင်သေး။ နိုရာ သူ့ဘ၀ထဲ ပြန် ရောက်လာဖို့သာ ဆက်မော် တမ်းတနေခဲ့သည်။

ခုလည်း ရင်မဆိုင်ရဲသဖြင့် ရှောင်ပြေးလာမှ တည့်တည့်ကြီးကို တိုးနေရသည်။

ရန်ကုန်ပဲ ပြန်သွားမလား၊ ဒါမှမဟုတ် ဒီနေရာမှာပဲ ဆက်နေဦးမလား။

ဆက်မော် ဝေခွဲမရ ဖြစ်နေမိသည်။

စိတ်ရဲ့တစ်ဖက်က ထွက်ပြေးချင်နေသလို တစ်ဖက်ကလည်း ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် နိုရာကို တွေ့ချင်နေမိသေးသည်။

ဘယ်လိုဆုံးဖြတ်ရမည်မှန်းပင် မသိတော့။

၅ ၅ ၅ ၅

"ဒီမှာရှင့်"

ခေါ်သံကြောင့် အတွေးစတို့ လွင့်ထွက်သွားကြသည်။ လှည့်ကြည့်လိုက်တော့ ကောင်တာမှ ကောင်မလေးကပဲ. . .

"ရှင်. . . ရှင်က အဲဒီ နိုရာနဲ့ တွဲခဲ့တဲ့ တေးရေးဆက်မော်ဆိုတာလား"

"ဟုတ်ပါတယ်"

မဖြေချင်ဖြေချင်နှင့်ပင် ဖြေလိုက်သည်။ ကောင်မလေးက အားနာသလို မျက်နှာလေးနှင့်. . .

"ဆောရီးနော်. . . စပ်စုမိတာ၊ ဟိုလေ. . . ရှင်တို့သတင်းတွေကို လူတွေ ပြောတာရော ဂျာနယ်တွေထဲမှာပါ ဖတ်မိလို့ပါ"

"အမှန်ပါပဲ. . . ကျွန်တော်တို့ လောကမှာ ဒါမျိုးတွေက ဖြစ်နေကျပါ"

ပေါ့ပါးဟန်ဖြင့် ပြောလိုက်သော်လည်း ကောင်မလေးက. . .

"ဟုတ်ပါတယ်လေ. . . ဒါပေမယ့် ရှင့်ပုံစံကြည့်ရတာ အတော်ခံစားနေရပုံပဲ"

ဆက်မော် ခြောက်ကပ်ကပ် ရယ်လိုက်သည်။

"အမှန်အတိုင်း ပြောရရင် စိတ်အပြောင်းအလဲ ဖြစ်မလားဆိုပြီး ဒီကို ထွက်လာခဲ့တာ၊ ခုတော့ တည့်တည့်လာတိုးနေတဲ့အပြင် စွပ်စွဲသွားသေးတယ်၊ ခင်ဗျားအမြင်ပဲလေ"

"ဪ. . . ကိုယ်မှ တကယ် အဲဒီလို မဟုတ်တာပဲရှင်၊ ဒါနဲ့ ရှင် ဒီချောင်းသာမှာနေဖို့ အစီအစဉ် ရှိသေးရဲ့လား"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ဪ. . . အခန်းတစ်ခန်း စီစဉ်ပေးမလို့ပါ၊ ရှင်သုံးနိုင်တဲ့ ဈေးနှုန်းနဲ့ပေါ့"

ဆက်မော် ရုတ်တရက် အံ့ဩသွားရင်း. . .

"ဘယ်လို. . . ခုနက အဲဒီဈေးနှုန်းနဲ့ဆို အခန်းမရှိဘူးဆို"

ကောင်မလေးက မပွင့်တပွင့် ရယ်ကာ. . .

"ကဲပါ. . . ခု ရှိပြီလို့ပဲ သဘောထားလိုက်ပေါ့၊ ဘယ်လိုလဲ အခန်းက ယူမှာလား"

"အင်း. . . ဒါဆိုလည်း ယူမယ်လေ"

ဘာမှ ထပ်စဉ်းစားမနေတော့ဘဲ ဆက်မော် ပြောလိုက်သည်။

မှတ်ပုံတင်ပေးကာ ချက်(က်)အင်(Check in)လုပ်ရင်း. . . ဝန်ထမ်းကောင်လေး ခေါ်ရာသို့ လိုက်လာခဲ့သည်။

ဝန်ထမ်းလေးက အပေါ်ထပ်ရှိ အခန်းထဲထိအောင် လိုက်ပို့

ပေးပါသည်။ အခန်းက View ကောင်းသလို နှစ်သောင်းနှင့် မတန် အောင်ပင် ခေတ်မီသားနားလွန်းနေသည်။

ဝန်ထမ်းကောင်လေးက အခန်းထဲမှာ နေရာချထားပေး ရင်း. . .

"အစ်ကိုတော့ ကံကောင်းတာပဲဗျ"

"ဟေ. . . ဘာဖြစ်လို့လဲ"

"ဒီအခန်းမျိုးက သီးသန့်ဖယ်ထားတဲ့ အခန်းမျိုးလေ၊ ပြီးတော့ အစ်ကို့ကို ဒီဈေးနဲ့ ပေးတည်းတာ ကျွန်တော်တောင် အံ့သြသွားတယ်"

ဆက်မော်က နားမလည်သဖြင့်. . .

"နေစမ်းပါဦးကွ. . . မင်း ဆိုလိုတာက"

ကောင်လေးက ဆက်မော်ကို တစ်ချက်ကြည့်ကာ. . .

"ဩော်. . . ဒီအခန်းက တစ်ညကို ငါးသောင်းတောင် ပေးရ တာဗျ၊ ခု အစ်ကို့ကို နှစ်သောင်းနဲ့ ပေးတည်းလိုက်တာ"

"ဟေ. . . သူက အဲဒီလို လုပ်ပိုင်ခွင့် ရှိလို့လား"

"သိပ်ရှိတာပေါ့ဗျာ. . . ခုနက ကောင်တာမှာ အစ်ကိုနဲ့ ပြောခဲ့ တဲ့ မမလေးက ဒီဟိုတယ်ကို ရှယ်ယာအများဆုံးပိုင်တဲ့ သူဌေးရဲ့သမီးဗျ၊ ဒီဟိုတယ်ကို ဦးစီးမယ်ဆိုပြီး လုပ်ငန်းကျွမ်းကျင်အောင် အောက်ခြေ သိမ်းကအစ လိုက်လေ့လာနေတာလေ"

"ဟေ. . ."

ဆက်မော်က အလွန်အမင်း အံ့သြသွားရသည်။

သို့သော်လည်း ခုနက နီရာတို့နှင့် ဆုံခဲ့ရသည့် စိတ်ရှုပ်ထွေးမှု တို့က အရှိန်မသေသေးသဖြင့် စဉ်းစားမနေတော့ဘဲ ပြန်ပြောလိုက်

သည်။

"အေး. . . မသိတော့ပါဘူးကွာ၊ ရတယ်ဆိုလို့ နေလိုက်တာပဲ၊ မင်းပြောမှပဲ ငါတောင် မျက်စိလည်ကုန်ပြီ"

ကောင်လေးက တဟင်းဟင်း ရယ်လျက်. . .

"သိပ်မကြာခင်မှာ အစ်ကို ဒီ့ထက် အံ့သြရလိမ့်မယ် သိလား"

"ဟင်. . . ဘာဖြစ်လို့လဲ"

"အစ်ကို့အခန်းနဲ့ ဘေးချင်းကပ်အခန်းက ခုနက အစ်ကိုနဲ့ စကားပြောခဲ့တဲ့ အဆိုတော် နိုရာရဲ့အခန်းပဲ"

ဒီတစ်ခါတော့ ဟေ့ဟုပင် မရေရွတ်နိုင်တော့ပဲ ဆက်မော်တစ်ယောက် ကြက်သေ,သေသွားရလေသည်။


ရှေ့မှ ပင်လယ်ပြင်ကြီးကတော့ သူ့လှိုင်းတွေကို ရိုးရာမပျက် ရိုက်ပုတ်နေဆဲ၊ ဒီပင်လယ်ကြီးက သူ့ရဲ့သောကတွေကို ဖြေဖျောက်ပေးလိုက်မလားဆိုတာတော့ ဆက်မော် တွေးမရသေးပါ။

လောလောဆယ် အခန်းတံခါး ပိတ်ပြီး ကုတင်ပေါ် လှဲကာ မျက်စိပိတ်ထားလိုက်မိသည်။

အတန်ကြာသည့်အချိန်မှာတော့ သူ့စိတ်အာရုံတွေက တဒင်္ဂ ငြိမ်းချမ်းလျက် ရှိနေပါတော့သည်။



ပင်လယ်ဆိုတာ
ဝေဒနာကို သက်သာစေမယ်တဲ့လား
ကိုယ့်အတွက်ကတော့
လှိုင်းပုတ်သံတွေကပဲ
သူ့ရဲ့လှောင်ရယ်သံတွေလိုလို



## (၄)

ညနေ နေစောင်းမှ အိပ်ယာမှ နိုးလာခဲ့သည်။ တစ်ကိုယ်လုံး လန်းဆန်းလျက် စိတ်ထဲမှာ ကြည်ကြည်လင်လင် ခံစားလိုက်ရသည်။ ရေချိုးခန်းထဲ ဝင်ကာ ရေဝအောင် စိမ်ချိုးပစ်လိုက်၏။

အဝတ်အစားလဲပြီး ဝရံတာသို့ ထွက်ကာ ငေးနေမိသည်။ ဝင်လုဆဲ နေမင်းကြီးက မိုးကုတ်စက်ဝိုင်း အနားသတ်သို့ပင် မေးတင်နေပြီ။

ပင်လယ်ကြီးတော့ သူ့လှိုင်းတွေကို မမောမပန်း ရိုက်ပုတ်နေ

တုန်း။ နေ့တစ်နေ့၏ (Sun-set)အလှမှာ ဆက်မော် စိတ်နစ်မျော နေမိသည်။

ထိုစဉ်. . .

မထင်မှတ်ဘဲ တံခါးဖွင့်သံ ကြားလိုက်ရ၍ လှည့်ကြည့်လိုက်မိ၏။

"ဟင်. . ."

တွေ့လိုက်ရသူက သူ့ဘေးခန်းမှ ထွက်လာသော နိုရာကို ဖြစ်သည်။ နေ့လည်က ဝန်ထမ်းကောင်လေး ပြောသွားခဲ့တာကို ပြန်အမှတ်ရမိ၏။

နိုရာ တကယ်ပဲ ဒီအခန်းမှာ နေသည်ပေါ့။

ပေါင်လယ်လောက်အထိ တိုနေသော ဂါဝန်လေးနှင့် အလှကြီး လှနေသည့် နိုရာကို ငေးကြည့်နေမိသေးသည်။ နိုရာကို တွေ့လိုက်ရ တိုင်းလည်း ရင်ထဲမှာ ပြန်ကာ ခံစားရသည်ကလည်း အမှန်ပင်။

ဆက်မော် ကြည့်နေမိစဉ်မှာပဲ နိုရာအကြည့်က ဝဲပျံရောက် ရှိလာပြီး သူ့ကို လှမ်းတွေ့ကာ မျက်မှောင်လေး ကျုံ့သွားသည်။

ထို့နောက် မျက်နှာ မာတင်းတင်းလေးနှင့်ပဲ လှမ်းပြောလေ သည်. . .

"ကိုဆက် ဒီမှာ ဘာလာလုပ်နေတာလဲ"

အကြည့်နှင့် စကားသံတို့ကြောင့် ရင်ထဲမှာ စူးကနဲ နာကျင် သွားရ၏။ နိုရာရယ်ဟု ရင်ထဲမှ မြည်တမ်းလိုက်မိသည်။

"နိုရာ မေးနေတာကို ဖြေဦးလေ"

ထိုအခါမှ ဆတ်ကနဲ လှုပ်ရှားသွားရပြီး. . .

"ဪ. . . ဘာမှ မလုပ်ပါဘူး၊ ဒီလိုပဲ ငေးနေတာပါ။ ကိုယ်က ဒီအခန်းမှာ တည်းတာလေ"

တံခါးပွင့်နေသော အခန်းကို နိုရာ တစ်ချက်ကြည့်လိုက်သည်။ ပြီးမှ မဲ့ပြုံးလေး ပြုံးလိုက်ရင်း. . .

"ထားပါတော့. . . ဒါနဲ့ ကိုဆက် နိုရာကိုတော့ လိုက်နှောင့်ယှက်နေတာ မဟုတ်ပါဘူးနော်"

"ဘယ်လိုပြောလိုက်တာလဲ နိုရာ၊ ကိုယ် မင်းကို စိတ်ဆင်းရဲအောင် ဘယ်တုန်းကများ လုပ်ခဲ့ဖူးလို့လဲ"

ဆက်မော်စကားကို နိုရာက ခေါင်းခါလိုက်ကာ. . .

"အဲဒါတွေ ပြန်ပြောမနေပါနဲ့ ကိုဆက်၊ အခန်းချင်း ကပ်လျက်ဆိုတော့ မေးကြည့်တာပါ၊ တမင်များ ငှားထားတာလားလို့၊ ပြီးတော့ နိုရာ ရှင်းရှင်းပဲ ပြောမယ်၊ ကိုဆက်နဲ့နိုရာ မပတ်သက်တော့ပေမယ့် အမုန်းမပွားချင်ဘူးနော်၊ နိုရာ့အနေအထားကိုလည်း နားလည်ပေးပါ"

ဘာကို ဆိုလိုမှန်း ဆက်မော် နားလည်လိုက်သည်။

ထို့ကြောင့် မျက်နှာကို လွှဲလိုက်ရင်း. . .

"ကိုယ် နားလည်ပါတယ် နိုရာ၊ အခန်းချင်း ကပ်လျက်ဆိုတာက တိုက်ဆိုင်သွားတာပါ၊ ကိုယ့်မှာ ဘာရည်ရွယ်ချက်မှ မရှိဘူး၊ ဒါပေမယ့် ရန်ကုန်မှာ နိုရာကို နောက်ဆုံးပြောခဲ့တဲ့စကားကလွဲရင်ပေါ့"

နိုရာမျက်နှာပေါ်မှာ စိတ်မကောင်းဟန်လေး ဖြတ်ပြေးသွားသည်။ ချက်ချင်းပင် မျက်နှာကို ပြင်လိုက်ပြီး. . .

"တော်ပါတော့ ကိုဆက်၊ ပြီးခဲ့တာတွေ ထားလိုက်ပါတော့၊ နိုရာတို့က ဒီမှာ ဗီစီဒီ ရိုက်ဖို့ လာခဲ့တာ၊ နိုရာ စိတ်ကြည်ကြည်လင်လင်ပဲ

နေချင်တယ်၊ ပြီးတော့ ဒီအခွေကို ထုတ်ပေးတဲ့ ရဲသူနဲ့ကလည်း. . .”

စကားမဆုံးခင်မှာပဲ ဆက်မော်က လက်ကာပြလိုက်သည်။

“ကိုယ် သဘောပေါက်ပါတယ်”

“ဒါဆိုလည်း ပြီးရောလေ၊ လူဆိုတာက ကိုယ့်ဘဝကိုယ် မြင့်မားအောင် လုပ်နေကြတာပဲ မဟုတ်လား၊ နိုရာ့ကို နားလည်ပေး. .”

“ဟေး. . . နိုရာ”

ခေါ်သံကြောင့် စကားစတွေ ပြတ်သွားရသည်။ ကြည့်လိုက်တော့ ရက်ပါပုံစံ ဝတ်စားထားသည့် ရဲသူက အနားရောက်လာပြီး ဆက်မော်ကို ကြည့်ကာ. . .

“ဟင်. . . ခင်ဗျားပါလား၊ ဒီကို ဘာလာလုပ်တာလဲ”

ဆက်မော် စိတ်ထဲ တင်းခနဲ ဖြစ်သွားရသည်။ ရဲသူကို ခပ်တည်တည်ပဲ ပြန်ကြည့်လိုက်ရင်း. . .

“ဘာလာလုပ်ရမှာလဲကွ. . . ငါ့အခန်းရှေ့မှာ ငါရပ်နေတာပေါ့”

ရဲသူက အခန်းကို ကြည့်ကာ မယုံကြည်ဟန်နှင့်ပင်. . .

“ဘယ်လို. . . ဒီအခန်းမှာ ခင်ဗျားနေတာ ဟုတ်လား”

“ဘာလဲ. . . မင်းကို သက်သေပြနေရဦးမှာလား”

ရဲသူ မျက်နှာပျက်သွားသည်။ ဆက်မော်ကို ဒီအခန်းမျိုးမှာ နေနိုင်မည်ဟု မထင်ထားသဖြင့် ဖြုံသွားပုံလည်း ပေါ်သည်။ ပခုံးကို တစ်ချက်တွန့်ကာ နိုရာဘက်ကို လှည့်လိုက်ရင်း. . .

“နိုရာ. . . ကိုယ်တို့ ကမ်းခြေဘက် လမ်းလျှောက်ရအောင်လေ၊ နိုရာပဲ ပြောထားပြီးတော့ ဒီမှာ ဘာလုပ်နေတာလဲ”

နိုရာက ခေါင်းလေး ခါလိုက်ကာ. . .

"ဘာမှ မလုပ်ပါဘူး၊ ရဲသူကိုပဲ စောင့်နေတာပါ။ လာလေ. . . သွားမယ်"

ဆက်မော်ကို ဆတ်ကနဲ ကြည့်ပြီး နိုရာက အရင်လှည့်ထွက်သွားလေသည်။ နိုရာတို့ကို ထပ်မကြည့်မိအောင် ထိန်းရင်း သက်ပြင်းအရှည်ကြီးသာ ချလိုက်မိတော့၏။

ဒီလိုပုံစံမျိုးနဲ့ ဘယ်လောက်များ ဆုံနေရဦးမှာလဲ၊ ကြာရင် ငါကော ခံနိုင်ရည် ရှိပါ့မလား။

တွေးရင်း နာကျင်ဝမ်းနည်းစိတ်တွေက တလိပ်လိပ် တက်လာခဲ့သည်။ ဖြစ်နိုင်လျှင် နိုရာ သူ့အနားသို့ ပြန်ရောက်လာစေချင်မိ၏။

နိုရာ ဘာတွေပဲဖြစ်ဖြစ် ခွင့်လွှတ်ပေးဖို့ သူ ဆုံးဖြတ်ပြီးသား၊ မပြတ်သားနိုင်သောစိတ်က နိုရာကိုပဲ တမ်းတနေမိသည်။

ခုတော့ နိုရာက နောက်တစ်ယောက်နှင့် ပျော်နေပြီ ဆက်မော် ခေါင်းသာခါယမ်းရင်း ပေါက်ထွက်လုလု ဖြစ်နေသောရင်ဘတ်ကို ဒကာ အခန်းထဲဝင်၍ တံခါးဆောင့်ပိတ်လိုက်သည်။ ပြီးမှ အခန်းတံခါးအား ကျောမှီ လျှောချ၍ ထိုင်ကာ. . .

"အိ. . အိ. . အီး. . ဟီး. . ဟီး. . အီး. . ဟီး. . အီး. . ခွတ်. . ယီး. . ဟား"

ဒေါက်. . . ဒေါက်. . . ဒေါက်

ဆက်မော် ငိုရင်းတန်းလန်းက အသံကို ဂလုခနဲ မြိုချပြီး မျက်ရည်တွေ ကပျာကသီ သုတ်ကာ တံခါးဖွင့်ကြည့်လိုက်သည်။ ဘယ်သူမှ မရှိ။

သို့သော် ကော်ရစ်တာအတိုင်း လျှောက်သွားနေသော ဒေါက်ဖိနပ်နှင့်ဝန်ထမ်းအမျိုးသမီးလေးတစ်ယောက်သာ ခပ်လှမ်းလှမ်းလောက်မှာ တွေ့ရသဖြင့် တံခါးပြန်ပိတ်ကာ ပြန်ငိုပါသည်။

ဒါပေမယ့် ဖီးလ်ငုတ်သွား၍လား မဆိုနိုင်၊ ဆက်ငိုလို့ မရတော့သဖြင့် စိတ်ထဲ အာလောက်လောက်ကြီး ဖြစ်ကာ. . .

အောက်ထပ်မှ စားသောက်ခန်းဆီသို့ပဲ ဆင်းခဲ့တော့သည်။

ထမင်းလည်း မစားချင်သေးသဖြင့် ဘီယာတစ်လုံး မှာကာ သောက်နေလိုက်သည်။ ဆိုင်ထဲမှာ ဖွင့်ထားသော သီချင်းသံထဲပဲ စိတ်နှစ်ထားလိုက်၏။

ထိုအချိန်မှာပဲ. . .

"ဘယ်လိုလဲ ဆရာကြီး၊ ဟိုတယ်မှာ နေရတာ အဆင်ပြေရဲ့လား"

စကားသံကြောင့် ဆတ်ကနဲ ကြည့်လိုက်မိသည်။ စားပွဲဘေးမှာ ရပ်ကာ ပြုံးစစနှင့် လှမ်းပြောနေသူက နေ့လည်က ကောင်တာမှာ ဆုံခဲ့ရသော ကောင်မလေး ဖြစ်နေ၏။

နေ့လည်တုန်းကလို ဟိုတယ်ယူနီဖောင်းနှင့် မဟုတ်တော့ပါ။ ဂျင်းပင်အစိမ်းနုရောင်လေးကို တီရှပ်အနက်ကလေးနှင့် တွဲဖက် ဝတ်ဆင်ထားသည် တွေ့လိုက်ရသည်။

ခေတ်ဆန်ဆန် ပုံစံလေးကြောင့် ဆက်မော်ပင် ငေးသွားရ၏။ နေ့လည်က စည်းနှောင်ထားသည့် ဆံနွယ်လေးများကို ဖြန့်ချထားသဖြင့် ပုံစံကလေးက ချစ်စရာပင် ကောင်းနေသည်။

"မေးနေတာ ကြားပါတယ်နော်၊ နေရတာ အဆင်ပြေရဲ့လား

လို့"

အသံလေး ထပ်ကြားလိုက်ရမှ ဆက်မော် သတိဝင်သွားသည်။ ပြီးမှ မျောပြီး ကြည့်နေမိသောကြောင့် ရှက်ရယ်,ရယ်လိုက်ပြီး. . .

"ဩော်. . . ပြေပါတယ် မမလေး"

"ဘယ်လို. . . ဘယ်လိုခေါ်လိုက်တယ်"

ဆက်မော်က ပခုံးတွန့်ကာ. . .

"ဒီလိုပဲလေ. . . နေ့လည်ကပဲ ဒီက မမလေးကို ဝန်ထမ်းကောင်လေးက မမလေးလို့ ခေါ်တာ ကြားလိုက်ရလားလို့"

ကောင်မလေးက မျက်စောင်းလှဲ့လှဲ့ထိုးကာ. . .

"အဟင်း. . . ရှင်က နောက်နေတာကိုး၊ ကျွန်မနာမည်က နေခြည်ပါ၊ ဒီက ကိုဆက်မော် ရေးတဲ့ သီချင်းတော်တော်များများ ကြိုက်ပါတယ်"

"ကျေးဇူးပါပဲ. . . ဒါနဲ့ ခုက ဂျူတီအော့ဖ်လား"

နေခြည်က ခပ်လွင်လွင်လေး ရယ်ပြန်သည်။ ပြီးမှ. . .

"ဂျူတီကတော့. . . အင်း. . . ကျွန်မ ဝင်ချင်ရင် ဝင်ပြီး နားချင်တဲ့အချိန် နားလိုက်တာပဲ"

ဆက်မော် ထပ်မမေးတော့ပါ၊ နေ့လည်ကပဲ နေခြည်က ဒီဟိုတယ်နှင့် ဘယ်လိုပတ်သက်သည်ကို ဝန်ထမ်းကောင်လေး ပြောပြသွားသည်ပဲ။

သို့သော်လည်း ဖျတ်ကနဲ တွေးလိုက်မိသဖြင့် မေးလိုက်မိသည်။

"တစ်ခုလောက် မေးမယ်နော်၊ ဟိုလေ. . . ကျွန်တော် ခု နေ

တဲ့အခန်းက ဈေးကြီးတဲ့အခန်းဆို. . . အဲဒါ"

"ဘာလဲ. . . အခန်းက အဆင်မပြေလို့လား"

"ပြေပါတယ်. . . အဲဒီလိုဆိုရင် အားနာလို့ပါ"

နေခြည်က မျက်ခုံးအတွန့်လေး ချီးလိုက်ရင်း. . .

"မဟုတ်တာဘဲ. . . အားနာစရာ မလိုပါဘူး၊ ရှင်လည်း ပိုက်ဆံပေးတည်းတာပဲဥစ္စာ၊ ရှင်လိုချင်တဲ့အခန်းမျိုးက မရှိတော့ဘူးလေ၊ ရှင်သာ တစ်ခြားဟိုတယ်မှာ သွားတည်းရင် ကျွန်မတို့က ငါးသောင်းတန်အခန်း မရတဲ့အပြင် နှစ်သောင်းပါ ထပ်နစ်နာသွားဦးမှာလေ၊ ဒါပေမယ့် ရှင် စိတ်မပူပါနဲ့၊ နှစ်သောင်းတန်အခန်း လွတ်တာနဲ့ ရှင့်ကို ပြောင်းပေးမှာပါ"

"သြော်. . . ဒီလိုလား၊ အဲဒါဆိုမှ စိတ်ပူရမလို ဖြစ်သွားပြီဗျ"

နှစ်ယောက်သား ရယ်လိုက်မိကြသည်။ အရယ်ရပ်တော့မှ နေခြည်က. . .

"ဘာလဲ. . . စိတ်ပူတယ်ဆိုတာက နိုရာနဲ့ နီးနီးကပ်ကပ် မနေရမှာကြောင့်လား"

ဆက်မော်မျက်နှာ အိုစာသွားရသည်။ အဝေးကို ကြည့်ရင်း ခပ်တိုးတိုး ပြန်ပြောဖြစ်၏။

"မဟုတ်ပါဘူးဗျာ. . . ကျွန်တော်တို့က ခုလို နံရံခြားတာတင် မဟုတ်ဘဲ ဘယ်လိုမှ မနီးစပ်နိုင်တော့တဲ့ စည်းတစ်ခုက ခြားနားသွားပါပြီ"

ဆက်မော်စကားကြောင့် နေခြည် စိတ်မကောင်း ဖြစ်သွားရသည်။

ဘာရယ်မဟုတ်ဘဲ နောက်လိုက်တာလေးကပဲ တစ်ဖက်သား ကို စိတ်ညစ်စေမိပြီ။

ထို့ကြောင့် အားနာသွားမိပြီး. . .

"ဆော. . . ဆောရီးနော် ကိုဆက်မော်၊ ကျွန်မက နောက် လိုက်တာပါ"

"ရပါတယ်. . . ကိစ္စမရှိပါဘူး"

ခပ်ယဲ့ယဲ့ ပြုံးရင်း ဆက်မော် ပြန်ပြောလိုက်မိသည်။

ထိုအချိန်မှာပဲ စားသောက်ခန်းထဲသို့ ဝင်လာကြသည့် နိုရာနှင့် ရဲသူတို့ကို မြင်လိုက်ရသောကြောင့် ပို၍နာကျင်သွားသလို ခံစားလိုက် ရ၏။

နိုရာကတော့ ဆက်မော်ကို မမြင်သလို ပုံစံမျိုးပင်၊ သို့သော် ဘာမင်လုပ်တာပဲလားတော့ မသိပါ၊ ရဲသူက ဆက်မော်နှင့် အနီးဆုံး စားပွဲဝိုင်းမှာ နေရာယူလိုက်သည်။

ဖြစ်ချင်တော့ ဆက်မော် ကြည့်လိုက်လျှင် ရဲသူက ကျောခိုင်း နေပြီး နိုရာနှင့်က မျက်နှာချင်းဆိုင်လို့ ဖြစ်နေသည်။

နိုရာက မသိမသာ လှမ်းကြည့်ပြီး မျက်လွှာချထားလိုက်သည်။ ဒါကိုပင် ရဲသူက. . .

"နိုရာ ဘာစားမှာလဲ"

"ရဲသူ ကြိုက်တာ မှာလေ"

"ဘယ်ဟုတ်မလဲ. . . နိုရာအကြိုက်က ကိုယ့်အကြိုက်ပဲပေါ့၊ ကဲ. . . နိုရာပဲ မှာလိုက်"

နိုရာကပဲ စားသောက်စရာတွေ မှာလိုက်ပါသည်။ ရောက်လာ

တော့လည်း ရဲသူက အကဲပိုကာ ခွံ့ကျွေးနေသေးသည်။

သူတို့နှစ်ယောက်ရဲ့ရယ်သံတွေက ဆက်မော်နားထဲမှာ ပူလောင်လို့နေသည်။ မျက်နှာချင်းဆိုင်မို့ နိုရာကို မမြင်ချင်လည်း မြင်နေရ၊ မကြားချင်လည်း စကားသံတွေကို ကြားနေရသည် မဟုတ်ပါလား။

အနားမှာ ရပ်နေသော နေခြည်က ဆက်မော်ကိုတစ်လှည့် နိုရာတို့ကို တစ်လှည့်စီ ကြည့်ကာ မျက်နှာလေးက တစ်မျိုးဖြစ်နေသည်။ ဆက်မော် ခံရခက်တာကိုလည်း ရိပ်စားမိနေ၏။

ထို့ကြောင့် သက်ပြင်းကလေး ချရင်း. . .

"ကိုဆက်မော်"

"ဟင်. . . ဘာလဲဗျ"

နေခြည်က အပြုံးပါးပါးလေးဖြင့်. . .

"ဪ. . . ကိုဆက်မော်နဲ့အတူ ခဏလောက် ထိုင်လို့ရမလားရှင်"

"ဗျာ. . . ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး. . . ကျွန်မ ကိုဆက်မော်နဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်ရင် ကိုဆက်မော် မြင်ရတဲ့မြင်ကွင်းလည်း ပိတ်သွားမယ်၊ ကျွန်မလည်း ဂီတနဲ့ ပတ်သက်ပြီး နည်းနည်းလောက် မေးချင်တာလေးတွေ ရှိလို့"


"ဗျာ. . ."

အံ့ဩရိပ်တွေနှင့် နေခြည်ကို တစ်ချက်ကြည့်လိုက်မိသည်။

နေခြည်က ဘယ်လိုလဲ ဟူသည့်သဘောဖြင့် မျက်ခုံးလေး

ပင့်ပြနေသေး၏။

ဆက်မော်လည်း နေခြည်ကို ကြည့်ကာ ခေါင်းပဲ ညိတ်ပြလိုက်မိတော့သည်။



ကိုယ့်ကို လာမကစားပါနဲ့
အလွမ်းဆိုတာ
ခုထိ လူပြောများနေတဲ့
ကူးဆက်လွယ် ခေတ်သစ်ရောဂါတစ်ခု
ဖြစ်နေသေးလို့ပါ။

# (၅)

**သက်**မော်မှာလည်း နိုရာနှင့် ပတ်သက်ပြီး အတော်ပင် စိတ်ကသိကအောက် ဖြစ်နေရသည်။ မဆုံအောင် ရှောင်နေမိတော့ တွေ့ချင်နေပြန်သည်။ တွေ့ရပြန်တော့လည်း ရင်ထဲမှာ တနုံ့နုံ့ ခံစားရသည်က အမှန်။ ဒီကြားထဲ ခု နိုရာနှင့် တွဲနေသည့် ရက်ပါ ရဲသူကလည်း သူနှင့် ဆုံလိုက်တိုင်း အကဲပိုပြနေသည်။

အလျဉ်းမေ့ပျောက်ရန် မစွမ်းသာသေးသော်လည်း တဖြည်းဖြည်းနှင့် ဒဏ်ရာတွေ သက်သာလာမလားဟု ရည်ရွယ်ပြီး လာခဲ့သည်မှာ မှားပြီလားမသိ။

ဒီနေ့လည်း နိုရာတို့နှင့် ဆုံနေမှာစိုးသည်မို့ ဆက်မော် မနက်စောစော ကမ်းခြေသို့ ဆင်းလာခဲ့သည်။ ကမ်းခြေမှာ ပျော်မြူးနေကြသော စုံတွဲတွေကို ကြည့်ပြီး. . .

သူများအပျော်နှင့် ကိုယ့်အလွမ်းက လှိုင်းလုံးနှင့်ကျောက်ဆောင်လို။ ဒါပေမယ့်လည်း သေချာသည်။ အလွမ်းလှိုင်းတွေ ဘယ်လောက်ရိုင်းရိုင်း အပျော်အားကြီးတဲ့ ကျောက်ဆောင်ကြီးနှင့် ဝင်ဝင်ဆောင့်တိုင်း တဗိုင်းဗိုင်း ပစ်လဲကာ လန်ကျစမြဲ။

အခုလည်း သူများပျော်တာ ကြည့်ပြီး လန်ကျလုလု ဖြစ်နေ၍ မခံစားနိုင်တော့ဘဲ ရင်ကွဲအောင် အော်ကာ. . ရေထဲ ပြေးဆင်းသွားသည်။

"ဟေး. . . ဝေး. . . ဟား"

ထိုစဉ်မှာပင် ပြေးဝင်လာသော လှိုင်းလုံးက သူ့ကို ပြေးကြိုးသဖြင့် ပက်လက်လန်လဲကာ ဖလူးဖလူး ဖြစ်ပြီး ပြန်တက်လာခဲ့သည်။

(တောက်. . . ခွေးမသား ပင်လယ်ရေကွာ. . . ဘယ်သူ့အားကိုးနဲ့ ဒီလောက်တောင် ငန်နေလဲ မသိဘူး)

ထွီ. . . အူ. . . ဂေါ့. . . ထွီ

ထိုစဉ်. . .

"ဘယ်လိုလဲ ကိုဆက်မော်၊ မွန်းကျပ်တာတွေ နည်းနည်းတော့ ပေါ့သွားတယ် မဟုတ်လား"

"ဟင်. . . နေခြည်"

လှည့်ကြည့်လိုက်တော့ နောက်ကျောဘက်မှ ရပ်ကြည့်နေသော နေခြည်ကို တွေ့လိုက်ရသည်။

နေခြည်က လေစီးကြောင့် လွင့်ခါနေသော ဆံနွယ်စများကို သိမ်းစုကိုင်ရင်း. . .

"လမ်းလျှောက်ရင်း ကိုဆက်မော်ကို တွေ့လို့ ဒီဘက် လျှောက်လာခဲ့တာ"

"နေခြည်လည်း လမ်းလျှောက်နေတာလား"

"ဟုတ်တယ်. . . ကျွန်မက မနက်တိုင်း လမ်းလျှောက်နေကျလေ"

"ဪ. . . ဟုတ်လား"

နေခြည်က ခေါင်းအသာညိတ်ကာ. . .

"ဒါနဲ့ ကိုဆက်မော် ဒီမှာနေရတာ ပိုကျဉ်းကျပ်သလို ဖြစ်နေပြီလား၊ ဟို. . နိုရာတို့ကြောင့်လေ"

ပင်လယ်ဘက်ကို မျက်နှာမူလိုက်ရင်း ဆက်မော်က. . .

"အဲဒါတော့ အမှန်ပဲ နေခြည်၊ ကျွန်တော် ရန်ကုန်ပြန်ရင်တောင် ကောင်းမလားလို့"

"အဲဒီလိုဆိုရင်ကော ကိုဆက်မော် ခံစားနေရတာတွေ အကုန်ပျောက်သွားပါ့မလား"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ကိုဆက်မော်ပဲ စဉ်းစားကြည့်လေ၊ ရှောင်နေလို့ ပြီးသွားတာမှ မဟုတ်တာ၊ တကယ်ဆို သူရှိတဲ့အရပ်မှာပဲ ခံနိုင်ရည်ရှိအောင် ကိုဆက်မော် နေကြည့်သင့်တယ်"

ဆက်မော် တွေဝေသွားရ၏။ နေခြည်စကားတွေကလည်း သဘာဝတော့ ကျနေသည်ပဲ။

ပြီးမှ နေခြည်ကပဲ ခပ်ဖွဖွ ရယ်ကာ. . .

"မနေ့ကတောင် ကျွန်မကို ဆက်မော်ရဲ့ဝိုင်းမှာ တမင်ဝင်ထိုင်လိုက်တာ၊ ဟို. . ရက်ပါဆိုတဲ့တစ်ယောက် တမင်အကဲပိုပြနေတာ ကြည့်မရလို့၊ အဲဒါ ကျွန်မကို တစ်မျိုးမြင်သွားလား မသိဘူး"

"ဟာ. . . မမြင်ပါဘူး၊ ကျေးဇူးတောင် တင်နေတာ"

"ဟုတ်လား. . . ကျွန်မက တစ်မျိုးမြင်လည်း ဂရုမစိုက်ဘူးလို့ ပြောမလို့"

"ဟာ. . ."

နှစ်ယောက်သား ရယ်မိကြသည်။

နေခြည့်ပုံစံ ကြည့်ရသည်မှာ ပေါ့ပါးပွင့်လင်းပြီး သွက်လက်ပုံရသည်။

ဒီဟိုတယ်ကို တစိတ်တစ်ဒေသ ပိုင်သည်ဟုပင် ထင်စရာမရှိ၊ အပြင်အဝတ်အစားနှင့်ဆိုလျှင် ကလေးပင် ဆန်နေသေးသည်။

ခုလည်း နှစ်ယောက်သား စကားပြောရင်း ကမ်းခြေမှ တက်လာခဲ့ကြ၏။

ဟိုတယ်ဝင်းထဲ ရောက်တော့ နေခြည်ကပဲ. . .

"အကူအညီလိုရင် ပြောနော် ကိုဆက်မော်၊ ကိုယ့်ဟိုတယ်မှာ တည်းတဲ့လူ စိတ်ချမ်းသာဖို့ လိုတယ်မလား"

"ရပါတယ်ဗျာ. . . ရပါတယ်"

နေခြည်က အပြုံးပါးပါးဖြင့် တစ်ချက်ကြည့်ပြီး လှည့်ထွက်သွားလေသည်။ အကြည့်စူးစူးကြောင့် ရင်ထဲမှာပင် ဖျတ်ကနဲ လှုပ်ရှားသွားရ၏။

ဒီကောင်မလေး ပွင့်လင်းလွန်းတာပဲလား၊ ဒါမှမဟုတ်၊
ဟာ. . .

ကိုယ့်အတွေးကိုပင် ကိုယ့်ဘာသာ အားနာ၍ မောင်းထုတ်ပစ်လိုက်ရသည်။

လှည့်ထွက်သွားသော နေခြည်၏နောက်ကျောအား ငေးကြည့်နေစဉ်မှာပဲ ဖုန်းမြည်လာ၍ ထုတ်ကိုင်လိုက်သည်။

ရန်ကုန်မှ ဝင်းမိုး ဆက်လာခြင်း ဖြစ်၏။

ဝင်းမိုးက. . .

"ဘယ်လိုလဲကွ. . . နေရတာ အဆင်ပြေတယ်မလား"

"အေးကွာ. . . သောက်မြင်ကတ်လို့ ကန်ချခံရမှ ငါးခြောက်ပုံပေါ် ကျ ဆိုသလိုပါပဲ၊ ထွီ. . . ငန်လိုက်တာ'

"ဘာငါးခြောက်မို့လို့လဲ"

"အာပြဲခြောက်. . . ဟာ. . မဟုတ်ဘူး. . . ရောကုန်ပြီဟာ၊ ပင်လယ်ရေ ငန်လို့ ပြောနေတာ"

"ပင်လယ်ရေပဲကွ. . ငန်မှာပေါ့၊ ခွီးမှပဲ. . မင်းဘာတွေပြောနေတာလဲ"

သက်ပြင်းငွေ့ငွေ့ ချဖြစ်သည်။ ပြီးမှ ဒီမှာ တိုက်တိုက်ဆိုင်ဆိုင် ဆရာတို့နှင့် လာတွေ့နေကြောင်း ပြောပြလိုက်၏။

အံ့သြသံနှင့် ဝင်းမိုးက ပြောလာသည်။

"မင်းအဖြစ်ကလည်းကွာ. . . ရှောင်ပြေးကာမှပဲ၊ ကဲ. . . ဒါဆို ခု ဘယ်လိုလုပ်မှာလဲ. . . ပြန်လာတော့မှာလား"

"စဉ်းစားနေတုန်းပဲကွ. . . ငါ ဒီမှာ ထူးထူးခြားခြား ကောင်မ

လေးတစ်ယောက်နဲ့ တွေ့တယ်၊ သူကကွာ. . .”

နေခြည်နှင့် ဆုံခဲ့ရပုံတွေ ပြောဖြစ်ခဲ့သောစကားတွေကို ပြန်ပြောပြလိုက်၏။

ဝင်းမိုးက. . .

“ဟာ. . . ကောင်မလေးက လျှံတာပေါ့ ဟုတ်လား၊ ဒါနဲ့ ရုပ်ကော လန်းရဲ့လား”

“အင်း. . . ချစ်စရာလေးပါ”

“လက်စသတ်တော့ မင်းပြောချင်တဲ့ ငါးခြောက်ပုံက ဒါကိုးကွ၊ မထူးပါဘူးကွာ. . . မကုန်မချင်းသာ ဖုတ်စားပစ်လိုက်တော့၊ ဟော့ကောင်. . . မင်းပြောပုံအရဆို မင်းကို စာနာလို့ ခုလို ကူညီတာပဲဖြစ်မယ်၊ ဘာဖြစ်လဲ. . . မင်းလည်း နိုရာဖြုံသွားအောင် ပြန်တွဲပြလိုက်ပေါ့”

“ဒီလိုကြီးတော့ မလုပ်ချင်ပါဘူးကွာ၊ ငါ့ဘက်က မရိုးမသားမဖြစ်ချင်ဘူး၊ ပြီးတော့ ရင်ထဲမှာလည်း နိုရာ”

“တော်တော့ ဆက်မော်၊ မင်းအပေါ် မကောင်းတဲ့သူကို ဘာဖြစ်လို့ တမ်းတနေတာလဲ၊ ဒဏ်ရာကို ကုစားဖို့ သွားတာ ပိုပြီးဆိုး မလာစေချင်ဘူး သူငယ်ချင်း”

“အေးပါကွာ. . . ငါ နားလည်ပါတယ်”

ဖုန်းချကာနီးမှပင် ဝင်းမိုးက. . .

“ဟော့ကောင်. . . ဟိုကောင်မလေးနဲ့ ထူးခြားဖြစ်စဉ်တွေ ထပ်ဖြစ်ရင် ဖုန်းဆက်ဦးနော်. . . ဒါပဲ”

ဘာမှ ပြန်ပြောချိန် မရခင်မှာပဲ ဝင်းမိုးက ဖုန်းချသွားလေ

သည်။ ဆက်မော် ရယ်လိုက်မိ၏။

ထိုအချိန်မှာပဲ. . .

"ကိုဆက်. . ."

ခေါ်သံကြောင့် ကြည့်လိုက်တော့ နိုရာဖြစ်နေသည်။

ဒီတစ်ခါတော့ တစ်ယောက်တည်း ဖြစ်၏။

ဆက်မော် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး. . .

"နိုရာ ဘာလဲဟင်"

နိုရာက မျက်လွှာလေး ချလိုက်ကာ. . .

"နိုရာ ကိုဆက်ကို စကားနည်းနည်းလောက် ပြောချင်လို့"

"ဟင်. . ."

၄ ၄ ၄ ၄

ဟိုတယ်ဝင်းထဲရှိ ပင်လယ်ကဗွီးပင်အောက်မှ ခုံတန်းလျားလေးမှာ နှစ်ယောက်သား ထိုင်ဖြစ်ကြသည်။ ဟိုးအရင်ကလို ပူးမူးကပ်ကပ်တော့ မဟုတ်ပါ။ နိုရာက ခပ်ခွာခွာလေး ထိုင်လျက် ဆက်မော်ကို ကြည့်လျက်. . .

"နေရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်. . . ဒီလိုပါပဲ"

နှစ်ယောက်သား တိတ်ဆိတ်သွားကြပြန်သည်။

နိုရာမျက်နှာ လေးကို မသိမသာ ငေးရင်း ဆက်မော် ပင့်သက်ရှိုက်လိုက်မိသည်။

ရင်ထဲမှာ ပြောစရာ စကားတွေ ရှိနေပေမယ့်လည်း ဆို့ကျင်တင်းကျပ်ပြီး ပြောမထွက်ပါ။

အတန်ကြာတော့ နိုရာကပဲ. . .

"ကိုဆက် ရန်ကုန်ပြန်ပါတော့လား"

"ဟင်. . . ဘာဖြစ်လို့လဲ နီုရာ"

"အမှန်အတိုင်း ပြောရရင် ကိုဆက် ခံစားနေရတာ နီုရာ သိတယ်၊ ဒီမှာဆိုရင် ကိုဆက် ပိုဆိုးမှာပေါ့၊ မိတ်ဆွေတစ်ယောက်အနေနဲ့ နီုရာ ပြောတာပါ၊ နီုရာတို့က အမုန်းနဲ့ လမ်းခွဲခဲ့ကြတာမှ မဟုတ်တာလေ"

စကားအသွားအလာကို ဆက်မော် ရိပ်မိပါသည်။

နီုရာ မျက်နှာကို ထပ်စူးစမ်းလိုက်၏။

သာမန်စိတ်မကောင်းသည့် အငွေ့အသက်မှအပ နီုရာမျက်နှာပေါ်မှာ ဘာခံစားမှုမှ မတွေ့ရပါ။

ငါနဲ့ ပတ်သက်ပြီး မင်း ဘာမှ မခံစားရဘူးလား နီုရာ။

တွေးရင်း ရင်ထဲမှာ စူးတက်သွားရသည်။

အကြည့်ကို လွှဲလိုက်ရင်း ဆက်မော်က. . .

"ကိုယ့်အတွက် ဘာမှ စဉ်းစားမနေပါနဲ့တော့၊ ကိုယ် နေလို့ဖြစ်ပါတယ်၊ တစ်သက်လုံး ခံနိုင်ရည်ရှိဖို့အတွက် ကိုယ်လေ့ကျင့်နေတာပါ"

နီုရာက သက်ပြင်းထပ်ချလိုက်သည်။

"ကိုဆက် နီုရာအပေါ်မှာ တကယ်ကောင်းခဲ့ပါတယ်၊ ကိုဆက်ကျေးဇူးတွေလည်း မမေ့ပါဘူး၊ ဒါပေမယ့်. . ."

"ကိုယ် နားလည်ပါတယ်၊ အဲဒီအတွက် မင်း ဘာမှဖြစ်မနေပါနဲ့၊ ကိုယ့်ဟာကိုယ် ဒီထက် အောင်မြင်နိုင်အောင်ပဲ ကြိုးစားပါ"

ထိုစကားတွေကို ဆက်မော် မနည်းအားယူပြီး ပြောလိုက်ရ

ခြင်းဖြစ်သည်။

နိုရာက ခပ်နွမ်းနွမ်း ပြုံးလိုက်ပြီး. . .

"ကျေးဇူးတင်ပါတယ် ကိုဆက်၊ ကိုဆက်က မိတ်ဆွေကောင်း တစ်ယောက်ပါ"

ဟန်ဆောင်မျက်နှာဖုံးတွေနှင့် တစ်ယောက်ကိုတစ်ယောက် ပြုံးပြလိုက်ကြသည်။

စကားပြောစရာ မရှိတော့သလို နိုရာက ထရပ်လိုက်ပြီးမှ. . .

"ဩော်. . . ကိုဆက်၊ ရှေ့နှစ်ရက်လောက်ကြာရင် သောင်ပြင်မှာ နိုရာတို့ ရိုက်ကူးရေး ရှိတယ်၊ ဖြစ်နိုင်ရင် လာခဲ့ပါလား"

"အင်း. . . သေတော့ မသေချာဘူး၊ ရောက်ရင်လည်း ရောက်ဖြစ်မှာပေါ့"

"လာခဲ့ပါ ကိုဆက်ရဲ့၊ နိုရာက သီချင်းအသစ် ဆိုမှာလေ၊ လာပြီး အကဲဖြတ်ပေးပါဦး"

ဘာသဘောနှင့် ဒီလောက် ဖိတ်ခေါ်နေလဲဆိုတာ ဆက်မော် တွေးမရပါ။

တကယ်ပဲ ရိုးရိုးသားသားလား။

ဒါမှမဟုတ် သူ့ကိုပဲ ပိုနာကျင်စေချင်လို့လား၊ ဒါကိုတော့ ကာယကံရှင် နိုရာပဲ သိပါလိမ့်မည်။


ဘာပဲဖြစ်ဖြစ် နိုရာသဘောအတိုင်း ဆက်မော် ခေါင်းပဲ ညိတ်ပြ လိုက်မိသည်။

လှည့်ထွက်သွားသော နိုရာကို ကြည့်ရင်း. . ဘယ်အချိန်က ဝဲတက်နေမှန်း မသိသော မျက်ရည်တစ်စက်က ပါးပြင်ပေါ်သို့ လိမ့်ကျ

သွားလေတော့သည်။

ဒီအခြေအနေမျိုးထက် မင်း ငါ့ကို တူးတူးခါးခါး မုန်းသွားတာကပဲ ပိုကောင်းလိမ့်မယ် ထင်ပါရဲ့ကွာ။

ခံစားချက်တွေ သိပ်သည်းလွန်းလို့ပဲလား မသိ၊ ရင်ဘတ်တစ်ခုလုံး တင်းကျပ်လာရတော့သည်။



ဘယ်လိုဆေးထိုးမှားခဲ့လို့
အလွမ်းဆိုတာ
ငါ့ရင်ထဲ အပင်ပေါက်လာခဲ့ရတာလဲ။



# (၆)

အခန်းထဲ ရောက်မှ လည်ချောင်းကွဲအောင် အော်အော်ငိုပြီး အားရသွားမှ ရေချိုးခန်းထဲ ဝင်လိုက်သည်။

နောက်ဆုံးတော့ တင်းကျပ်မှုများကို ဖြေလျှော့ရန် စားသောက်ခန်းမှ ဘား(Bar)သို့ ရောက်ခဲ့ရပြန်သည်။

ဘားရှေ့မှာ ထိုင်ရင်း ကော့တေးလ်(cocktail) ပြင်းပြင်းလေးတစ်ခွက် မှာလိုက်၏။ ဘာမန်း(Bar Man) ဖျော်စပ်ပေးသောကော့တေးလ်ကို တစ်ငုံ ငုံလိုက်သည်။ ချိုရှပြင်းပြသော အထိအတွေ့က လည်ချောင်းတစ်လျှောက် စီးပြန့်သွား၏။

"တစ်ယောက်တည်းလားဗျ"

ဘေးနားမှ ကိုယ့်လိုပဲ ထိုင်နေသူတစ်ယောက်က လှမ်းနှုတ်ဆက်ခြင်း ဖြစ်သည်။

"ဟုတ်ကဲ့. . . တစ်ယောက်တည်းပါပဲ"

မသိသော်လည်း လူမှုရေးအရ ပြန်နှုတ်ဆက်ရင်း ပြုံးပြလိုက်သည်။ ထိုလူကလည်း တစ်ယောက်တည်းမို့ အဖော်အဖြစ် စကားလှမ်းပြောခြင်းဖြစ်သည်။ ထိုလူကပဲ အပြုံးစစနှင့်ပင်. . .

"ဒီဟိုတယ်က မဆိုးဘူးဗျ၊ ဆက်ဆံရေး ကောင်းတယ်နော်"

"အင်း. . ဟုတ်တယ်ဗျ၊ နေရာထိုင်ခင်းနဲ့ ရှုခင်းရှုကွက်တွေကလည်း ကောင်းတာကိုး"

"ကျွန်တော်တော့ သဘောကျတယ်ဗျာ၊ ခု ကျွန်တော်တို့က ဟန်းနီးမွန်း ထွက်လာတာလေ"

"ဩော်. . . ဟုတ်လား၊ ဟန်းနီးမွန်းကတော့ ခုလိုကမ်းခြေက အကောင်းဆုံးပါပဲဗျာ"

တစ်ယောက်တည်း ပျင်းနေသည်မို့ ဆက်မော်လည်း အလိုက်သင့် ပြန်ပြောနေလိုက်သည်။

ထိုလူကပဲ သူ့ကိုယ်သူ သဘောကျ ကျေနပ်သလို ရယ်လိုက်ရင်း. . .

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော့်နာမည် ကျော်စိုးပါ"

"ဟုတ်ကဲ့. . . ကျွန်တော် ဆက်မော်ပါ"

နှစ်ယောက်သား လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။ ခုမှ သိ

ကျွမ်းရသော်လည်း ကျော်စိုးက နှစ်လိုဖွယ်ဟန်နှင့် . . .

"ဒါနဲ့ ကိုဆက်မော်ကကော တစ်ယောက်တည်းပဲလား၊ ဒါမှ မဟုတ် . . ."

"အဟဲ . . . တစ်ယောက်တည်းပါဗျာ၊ အထင်မကြီးစမ်းပါနဲ့"

ပြောရင်း ရယ်မိကြပြန်သည်။ ဆက်မော်ကတော့ နာနာကျင်ကျင် ရယ်မိလိုက်ခြင်း ဖြစ်၏။

ကိုယ့်အကြောင်း ကိုယ်သာ သိသည်ပဲလေ။

ယမကာ အရှိန်လေးကလည်း တဖြည်းဖြည်း မောင်းနှင်အားကောင်းလာသဖြင့် စကားပြောရတာ အာတွေ့သလို ဖြစ်လာကာ နှစ်ယောက်ထဲနှင့် စည်စည်ဝေဝေ ဖြစ်သွားသည်။

လူတွေကလည်း ရှိဝေဝေ။

ကျော်စိုးက ခွက်ထဲမှ လက်ကျန်ကို အနည်းငယ် မော့ပြီး . . .

"ကိုဆက်မော် . . . ခင်ဗျား အချစ်ဆိုတာကို ဘယ်လိုမြင်လဲဗျ"

"အင်း . . . ကျွန်တော်လည်း မြင်အောင်ကြည့်တယ်ဗျ၊ အခုထက်ထိတော့ တစ်ခါမှ မတွေ့ဖူးသေးဘူး"

ကျော်စိုး အံ့အားရုံစိုက်ပြီး နားထောင်နေရင်း အူလည်လည် ဖြစ်သွားပြီး . . .

"ဟာ . . . မဟုတ်ဘူးလေဗျာ၊ ကျွန်တော်ပြောချင်တာက 'အချစ်' ဆိုတဲ့ ခံစားမှုရဲ့အတိမ်အနက် သဘောသဘာဝကို သုံးသပ်စေချင်တာ"

"ဪ . . . အင်း . . . နတ်ရွာမိုးဝတ္ထု ဖတ်ကြည့်တာတော့ အချစ်ဆိုတာ ဗျစ်ခနဲ ထွက်လာတဲ့ နှပ်ချေးလိုပဲ ပြန်ရှုသွင်းလို့မကောင်း

တော့တဲ့အတူတူ ညှစ်ထုတ်ရတဲ့သဘောပဲတဲ့၊ နှာစေးနေတဲ့အခါ နှပ်က လည်း ညှစ်လေထွက်လေ မဟုတ်လားဗျာ၊ အချစ်ကလည်း ဒီလိုပဲ ထင်ပါတယ်၊ ရင်ထဲ ရှိသမျှ သွန်ချလို့ကို မကုန်နိုင်တာ အချစ်ပဲဗျ"

"ဂွတ်တယ်. . . ဂွတ်တယ်၊ နေဦး. . . နည်းနည်းထပ်ရွှတ် လိုက်ဦးမယ်"

ပြောပြောဆိုဆို ကျော်စိုး လက်ကျန်ရှင်းလိုက်သည်။

"အား. . . ကောင်းမှကောင်း၊ ကျွန်တော့်အမြင် ပြောရရင် အချစ်ဆိုတာ မဖတ်ဖြစ်သေးတဲ့ ဝတ္ထုတစ်ပုဒ်လိုပဲ ထင်တယ်၊ ဖတ်ကြည့် မှ ကောင်းတာဆိုးတာကို ခံစားလို့ရတာလေ၊ ပြီးတော့ သူ့အကြိုက် ကိုယ့်အကြိုက်လည်း ရှိလိမ့်မယ်ဗျ၊ သူ့စိတ်နဲ့ အဆင်မပြေပေမယ့် ကိုယ်နဲ့ကျ အိုကေပြန်ရော၊ အဲ့ဒါကြောင့် အချစ်ဟာ မဖတ်ဖြစ်သေးတဲ့ ဝတ္ထုပဲ၊ ကဲ. . . ဘယ့်နှယ့်လဲ"

"ကောင်းတယ်ဗျို့. . . အဟက်ဟက်"

နှစ်ယောက်သား ရီဝေဝေနှင့် သူငယ်ချင်းအရင်းတွေလို ပြောနေမိကြပေပြီ။

ခွက်ထဲမှာ လက်ကျန်မရှိတော့သဖြင့် ဆက်မော်က ဘားကိုင် သည့်လူကို ခွက်ထိုးပေးကာ. . .

"လုပ်ဦးဗျာ. . . နောက်တစ်ခွက်"

ဘားမန်းက ဆက်မော်ကို ပြန်ကြည့်ရင်း. . .

"ဆရာ. . ဆရာ. . ဟိုမှာ ဆရာ့ကို လှမ်းခေါ်နေတယ်"

"ဟင်. . ."

နောက်လှည့်ပြီး ကြည့်လိုက်မိသည်။

နေခြည် လှမ်းခေါ် နေခြင်းဖြစ်၏။ ဆက်မော်က ထရပ်လိုက်ပြီးမှ ဘေးမှ ကျော်စိုးကို. . .

"ကိုကျော်စိုး. . . နောက်မှ ဆုံမယ်ဗျာ၊ လစ်ဦးမယ်"

ကျော်စိုးကပါ နေခြည်ကို လှမ်းကြည့်ပြီး ဆက်မော်ကို တီးတိုးကပ်ပြောလိုက်သည်။

"ဟေ့လူ. . . အဲ့ဒီဝတ္ထုလေးက ဖတ်ပြီးသားလား"

"ဟာဗျာ. . . ခင်ဗျားကလည်း လုပ်တော့မယ်"

ရှက်အမ်းအမ်းနှင့် ပြောရင်း ထထွက်ခဲ့လိုက်သည်။

အနားရောက်တော့ နေခြည်က. . .

"သောက်လှချည်လား ကိုဆက်မော်ရဲ့၊ ဘာလဲ. . . တစ်ချိန်လုံးကို စိတ်ညစ်နေရလို့လား"

"မဟုတ်ပါဘူးဗျာ. . . ဟိုတစ်ယောက်နဲ့ ခုမှ မိတ်ဆွေတွေဖြစ်ပြီး စကားတပြောပြောနဲ့ သောက်နေမိတာ"

နေခြည်က မျက်စောင်းလဲ့လဲ့လေး ထိုးကာ. . .

"အဟင်း. . . ဒီကနေ လှမ်းကြားပါတယ်နော်၊ ဒီလောက်အသံပြဲတွေနဲ့ ပြောနေတာကို"

"ဟင်. . . နေခြည် ကြားတယ်"

"ကြားတာပေါ့. . . ကျွန်မ ဒီအနားမှာ ရပ်နေတာပဲ မနည်းကြာပြီ၊ အချစ်ဆိုတာ ဘာဖြစ်တယ် ညာဖြစ်တယ် ဆိုလားပဲ"

"ဟော. . . ဗျာ"

ဆက်မော် ရှေ့ရွတ်ရင်း ရယ်မိတော့၏။ နေခြည်ကပါ လိုက်ရယ်ရင်း စေ့စေ့ကြည့်ကာ. . .

"ခုလိုကျတော့လည်း ကိုဆက်က ပေါ့ပေါ့ပါးပါး ရယ်နိုင်သားပဲ"

"ဒီလိုပဲ နေနိုင်အောင် ကြိုးစားရမှာပေါ့ နေခြည်ရာ"

"ကောင်းတာပေါ့ ကိုဆက်မော်ရဲ့၊ ဒီထက် ပိုအပြောင်းအလဲ ဖြစ်အောင် ဒီမှာနေတုန်း သီချင်းလေးဘာလေး ရေးကြည့်ပါလား"

ဆက်မော် အတော်ပင် အံ့ဩသွားရသည်။ ဒီကို လာကတည်းက စိတ်လေနေ၍ သီချင်းရေးချင်စိတ်လည်း မရှိခဲ့ပါ။ ပြီးတော့ သီချင်းဆိုတာကလည်း ပါးစပ်ဖြင့် ထိုင်ပြီး ရေးလို့ရသောအရာ မဟုတ်၊ သီချင်းရေးချင်စိတ်တွေ၊ ခံစားချက်တွေ၊ စကားလုံးတွေအပြင် အနည်းဆုံး ဂစ်တာတစ်လက်လောက် ရှိဖို့လိုသည်။

ထို့ကြောင့် နေခြည်၏စေတနာကို အသိအမှတ်ပြုမိသော်လည်း. . .

"သီချင်းဆိုတာမျိုးကလည်း အကြောင်းအမျိုးမျိုး ညီညွတ်မှ ရင်ထဲက ထွက်ကျလာတာမျိုးလေ၊ ဒီမှာတော့ ရေးချင်ရင်တောင် ဟူး. . . မလွယ်ပါဘူး နေခြည်ရယ်"

"အင်း. . . ဒါတော့ ကျွန်မလည်း သိပ်တော့ နားမလည်ပါဘူး ကိုဆက်မော်အတွက် ကောင်းမလားလို့ ပြောကြည့်တာပါ"

"နေခြည်ကိုတော့ ကျေးဇူးတင်စရာတွေ များနေပြီ၊ ဟိုဝေ ကျွန်တော်နဲ့ တစ်ခုခု လိုက်စားပါလား"

မျက်လုံးလေး ဝိုင်းပြကာ နေခြည်က. . .

"အမလေး. . . ဒီဟိုတယ်မှာ ကျွန်မ ဘာပဲယူစားစား ရ တယ်ရှင်. . . တော်ပါပြီ"

"ဒါဆိုလည်း ကျွန်တော် ထမင်းသွားစားတော့မယ်ဗျ"

နေခြည်က ဟိုတယ်မှ ဝန်ထမ်းကောင်မလေးများ လုပ်သော အရိုအသေပေးသည့် ပုံစံလေး လုပ်လျက်. . .

"ကောင်းပါပြီရှင်. . . ကောင်းသောညပါ"

"ဟာ. . . နေခြည်ကလည်း"

ပြောရင်း လှည့်ထွက်လာခဲ့သည်။ နေခြည်၏ရယ်သံလွင်လွင်လေးက နောက်ဘက်မှာ လွင့်ကျန်ရစ်ခဲ့၏။ ဆက်မော်စိတ်ထဲမှာလည်း ကြည်ကြည်လင်လင်လေး ခံစားလိုက်ရသည်။

စားသောက်ခန်းမထဲ ရောက်တော့လည်း ဝေ့ကြည့်မိသေးသည်။ ခါတိုင်းလို နိုရာတို့ကို မတွေ့ရ။

စားသောက်ပြီးစီးလို့ပဲ အပေါ် တက်သွားပြီလား၊ ဒါမှမဟုတ် လာမစားသေးတာလားဟု၍ စဉ်းစားမိလိုက်သေးသည်။

နောက်တော့လည်း ကိုယ်နှင့်မှ မဆိုင်တာပဲဟု တွေးရင်း မှာယူစားသောက်နေလိုက်၏။

ပြီးတော့မှ ကမ်းခြေဘက် ထွက်လျှောက်ရင်း မိနစ်နှစ်ဆယ်လောက် လေညင်းခံနေလိုက်သေးသည်။

ည၏အမှောင်ရိပ်အောက်မှာ ပင်လယ်ကြီးက မအိပ်စက်နိုင်သေး၊ လှိုင်းတွေကို ကမ်းခြေဆီသို့ တစ်လုံးပြီးတစ်လုံး ပို့ကာဆော့ကစားနေသည်။ ကမ်းခြေညနှင့် လှိုင်းသံဂီတတို့ကို ကြားနေရရင်းရင်ထဲက အနုပညာစိတ်က လှုပ်လှုပ်နိုးသွားရ၏။

"ဟုတ်တယ်. . . ငါ. . ငါ သီချင်းရေးချင်နေတာ"

တွေးရင်း စကားလုံးတွေကို ရင်ထဲမှာ ထုဆစ်နေမိ၏။

သို့သော်လည်း သံစဉ်ဖန်တီးနိုင်မည့်ဂစ်တာ ယူမလာခဲ့သည်

ကို အားမလို အားမရ ဖြစ်နေမိသည်။

စိတ်ကို လျှော့ပြီး အခန်းပဲ ပြန်ခဲ့လိုက်၏။ ဂီတဖန်တီးချင်စိတ်ကို မျိုသိပ်ရင်း အတင်းအိပ်စက်ရန် ကြိုးစားနေစဉ်မှာပဲ တံခါးခေါက်သံသဲ့သဲ့ကို ကြားလိုက်ရသဖြင့် ခေါင်းထောင်သွားရသည်။

ဘယ်သူလဲ နိုရာများလား၊ ဟာ. . . မဖြစ်နိုင်ပါဘူး။

စဉ်းစားရင်းနှင့်ပင် တံခါးဖွင့်ပေးလိုက်သည်။

ဟိုတယ်မှ ဝန်ထမ်းကောင်လေးတစ်ယောက်ဖြစ်သည်။ လက်ထဲမှာလည်း ဂစ်တာတစ်လက်နှင့်။

ထိုကောင်လေးကပဲ ဂစ်တာနှင့် စာရွက်ခေါက်လေးကို လှမ်းပေးကာ. . .

"အစ်ကို. . . ဒါတွေက မမလေး ပေးခိုင်းလိုက်တာပါ"

"အို. . ."

တအံ့တဩ ရေရွတ်ရင်း လှမ်းယူလိုက်မိသည်။ ဂစ်တာလေးကို ကုတင်ပေါ် အသာတင်ပြီး စာရွက်ခေါက်ကို ဖွင့်လိုက်၏။

ကိုဆက်မော်

သီချင်းရေးချင်တဲ့စိတ် ပေါ်လာရင် အဆင်သင့်ဖြစ်အောင် ဂစ်တာပေးခိုင်းလိုက်တယ်၊ ကျွန်မက အကျွမ်းကျင်ကြီး မဟုတ်ပေမယ့် တီးချင်တဲ့အချိန် တီးလို့ရအောင် ရန်ကုန်ကပဲ ယူလာခဲ့တာပါ၊ ဒီဂစ်တာလေးနဲ့ သီချင်းရေးဖြစ်ရင်ပဲ ကျေနပ်ပါတယ်၊ ကျွန်မရဲ့လက်ဆောင်ပေါ့။

နေခြည်

စာဖတ်အပြီး အံ့သြကြည်နူးစိတ်ဖြင့် ဆက်မော် ရင်တွေ

တလှပ်လှပ် ခုန်လာတော့သည်။

အိုး. . . နေခြည်ရယ်၊ မင်းရဲ့လက်ဆောင်အတွက် ငါ ကြည်နူးမိတာ အတိုင်းမသိပါပဲ၊ Thank You ။

စာရွက်ခေါက်ကလေးကို အသာချပြီး ဂစ်တာကို ကောက်ကိုင်လိုက်မိသည်။ အဖိုးတန်ရတနာတစ်ခုလို ဂရုတစိုက် ကိုင်ပြီး ကြိုးညှိလိုက်၏။

အတန်ကြာသည့်အချိန်မှာတော့ ဆက်မော်လက်တွေက မီးညွန့်ပေါ် ဝဲပျံနေသည့် နဂါးတစ်ကောင်ကဲ့သို့ ဂစ်တာကြိုးတွေပေါ်မှာ ကူးလူးပြေးလွှားနေတော့သည်။

ရင်ထဲက ခံစားချက်တွေ အသွင်ပြောင်းလိုက်သောသံစဉ်တွေကလည်း အခန်းလေးထဲမှာ ချိုလွင်ထစ်ချုန်းလျက်။

ထိုသံစဉ်တွေသည်. . .

နိုရာအပေါ် တမ်းတမှုတွေလား။ ဒါမှမဟုတ်. . .

တခြားသော ခံစားမှုအသစ်တွေလားဆိုတာကိုတော့ ဆက်မော်ပဲ သိပါလိမ့်မည်။

ဆက်မော်၏တစ်ကိုယ်အခန်းလေးထဲမှာတော့ သံစဉ်အပိုင်းအစတွေက ဟိုစဉ်ကျဲပြန့် ရှိနေဆဲ။ ညသည် တဖြည်းဖြည်း နက်ရှိုင်းခဲ့ပြီ၊ ဆိုညထဲမှာတော့ ပင်လယ်လှိုင်းနှင့် ဂီတက အချိုးကျကျ။





## (၇)

**နောက်**နေ့မနက်မှာ နေခြည်ကို ကျေးဇူးတင်စကား ပြော ချင်၍ ကမ်းခြေသို့ ခပ်စောစော ထွက်ခဲ့သည်။ နေခြည်က မနက်စော စောတိုင်းမှာ လမ်းလျှောက်သည်ဟု ဆိုခဲ့သည်ကိုး။

သို့သော် မတွေ့ပါ။ နေခြည်ပဲ လမ်းလျှောက်ဖြစ်သည်လား သေး၊ ကိုယ့်ဘာသာ တစ်ကိုယ်ရေ လမ်းလျှောက်ပြီး ဆက်မော် ပြန်ခဲ့ သည်။ ဟိုတယ်ဧည့်ခန်းမထဲ ဝင်ကြည့်သော်လည်း မတွေ့သဖြင့် နေက်စာ စားပြီး ကိုယ့်အခန်းပဲ ပြန်ခဲ့၏။

☺ အောင်မြင်စာပေ ☺

အခန်းနား ရောက်တော့ ဝရံတာမှာ ရက်ပါ ရဲသူကို တွေ့သေးသည်။ နိုရာကို စောင့်နေသည် ထင်၏။ ဆက်မော်လည်း မသိမသာ တစ်ချက်ကြည့်ပြီး ကိုယ့်အခန်းထဲပဲ ဝင်လိုက်သည်။ ကုတင်ပေါ်မှာ တင်ထားခဲ့သည့် ဂစ်တာလေးကို ကြည့်ကာ ပြုံးမိသေးတော့၏။

ဂစ်တာရှိနေတာကြောင့်လား မသိပါ၊ ကောက်ကိုင်လိုက်လျှင်ပဲ သီချင်းရေးချင်စိတ်တွေ ဖြစ်ပေါ်လာရသည်။ ပြီးတော့. . သံစဉ်တွေအောက် စိတ်နစ်မြုပ်သွားလျှင်လည်း ထမင်းမေ့ ဟင်းမေ့ ဖြစ်ရ၏။

ထိုနေ့က အခန်းထဲကပင် အပြင်မထွက်ဖြစ်ဘဲ သီချင်းရေးနေမိသည်။ အစားအသောက်ကိုလည်း ဖုန်းနှင့် လှမ်းမှာ၍ အခန်းထဲမှာပဲ စားလိုက်၏။

ညဘက်အိပ်တော့ ကိုယ့်ကိုယ်ကိုယ် စဉ်းစားမိသည်၊ သီချင်းရေးနေလို့ပဲလား၊ ဒါမှမဟုတ် သူ့စိတ်တွေပဲ ပြောင်းလဲလာလို့ပဲလား မသိပါ၊ အဲဒီနေ့ တစ်ရက်လုံး နိုရာကို တွေ့ချင်မြင်ချင်စိတ် မရှိသည်ကတော့ အမှန်ပင်။ ဒါဆို ဘယ်သူ့ကို သတိရနေလဲ။

ထိုသို့တွေးရင်း ဆက်မော် ပြုံးမိသွား၏။ တကယ်တမ်း လောလောဆယ်မှာ နေခြည်ကိုပဲ တွေ့ချင်နေမိသည် မဟုတ်ပါလား။

နောက်တစ်ရက် မနက်ကျတော့ အိပ်ယာမှ နိုးနိုးချင်း ဟိုတယ်ခန်းမထဲသို့ ဝင်သွားလိုက်သည်။ ခါတိုင်းနေ့တွေကထက် ပို၍ လှုပ်ရှားနေသော ဧည့်သည်တွေကို ကြည့်ပြီး ဘာလဲဟ ဟူ၍ပင် တွေးမိသေးသည်။

ပြီးမှ ဝန်ထမ်းတစ်ယောက်ကို မေးကြည့်တော့မှ ဩော်ဟုရေရွတ်မိ၏။ ဒီနေ့ ကမ်းခြေမှာ နိုရာတို့ လိုက်ဖ်ရှိုး ဗီစီဒီရိုက်ဖို့ ရှိနေ

တလှုပ်လှုပ် ခုန်လာတော့သည်။

အိုး. . . နေခြည်ရယ်၊ မင်းရဲ့လက်ဆောင်အတွက် ငါ ကြည်နူးမိတာ အတိုင်းမသိပါပဲ၊ Thank You ။

စာရွက်ခေါက်ကလေးကို အသာချပြီး ဂစ်တာကို ကောက်ကိုင်လိုက်မိသည်။ အဖိုးတန်ရတနာတစ်ခုလို ဂရုတစိုက် ကိုင်ပြီး ကြိုးညှိလိုက်၏။

အတန်ကြာသည့်အချိန်မှာတော့ ဆက်မော်လက်တွေက မီးညွှန့်ပေါ် ဝဲပျံနေသည့် နဂါးတစ်ကောင်ကဲ့သို့ ဂစ်တာကြိုးတွေပေါ်မှာ ကူးလူးပြေးလွှားနေတော့သည်။


ရင်ထဲက ခံစားချက်တွေ အသွင်ပြောင်းလိုက်သောသံစဉ်တွေကလည်း အခန်းလေးထဲမှာ ချိုလွင်ထစ်ချုန်းလျက်။


ထိုသံစဉ်တွေသည်. . .

နိုးရာအပေါ် တမ်းတမှုတွေလား။ ဒါမှမဟုတ်. . .

တခြားသော ခံစားမှုအသစ်တွေလားဆိုတာကိုတော့ ဆက်မော်ပဲ သိပါလိမ့်မည်။

ဆက်မော်၏တစ်ကိုယ်အခန်းလေးထဲမှာတော့ သံစဉ်အပိုင်းအစတွေက ဟိုစဉ်ကျဲပြန့် ရှိနေဆဲ။ ညသည် တဖြည်းဖြည်း နက်ရှိုင်းခဲ့ပြီ၊ ထိုညထဲမှာတော့ ပင်လယ်လှိုင်းနှင့် ဂီတက အချိုးကျကျ။





# (၇)

**နောက်**နေ့မနက်မှာ နေခြည်ကို ကျေးဇူးတင်စကား ပြောချင်၍ ကမ်းခြေသို့ ခပ်စောစော ထွက်ခဲ့သည်။ နေခြည်က မနက်စောစောတိုင်းမှာ လမ်းလျှောက်သည်ဟု ဆိုခဲ့သည်ကိုး။

သို့သော် မတွေ့ပါ၊ နေခြည်ပဲ လမ်းလျှောက်ဖြစ်သည်လားသော်၊ ကိုယ့်ဘာသာ တစ်ကိုယ်ရေ လမ်းလျှောက်ပြီး ဆက်မော် ပြန်ခဲ့သည်။ ဟိုတယ်ဧည့်ခန်းမထဲ ဝင်ကြည့်သော်လည်း မတွေ့သဖြင့် မနက်စာ စားပြီး ကိုယ့်အခန်းပဲ ပြန်ခဲ့၏။

☺ [illegible] ☺

အခန်းနား ရောက်တော့ ဝရံတာမှာ ရက်ပါ ရဲသူကို တွေ့သေးသည်။ နိုရာကို စောင့်နေသည် ထင်၏။ ဆက်မော်လည်း မသိမသာ တစ်ချက်ကြည့်ပြီး ကိုယ့်အခန်းထဲပဲ ဝင်လိုက်သည်။ ကုတင်ပေါ်မှာ တင်ထားခဲ့သည့် ဂစ်တာလေးကို ကြည့်ကာ ပြုံးမိသေးတော့၏။

ဂစ်တာရှိနေတာကြောင့်လား မသိပါ။ ကောက်ကိုင်လိုက်လျှင်ပဲ သီချင်းရေးချင်စိတ်တွေ ဖြစ်ပေါ်လာရသည်။ ပြီးတော့. . သံစဉ်တွေအောက် စိတ်နစ်မြုပ်သွားလျှင်လည်း ထမင်းမေ့ ဟင်းမေ့ ဖြစ်ရ၏။

ထိုနေ့က အခန်းထဲကပင် အပြင်မထွက်ဖြစ်ဘဲ သီချင်းရေးနေမိသည်။ အစားအသောက်ကိုလည်း ဖုန်းနှင့် လှမ်းမှာ၍ အခန်းထဲမှာပဲ စားလိုက်၏။

ညဘက်အိပ်တော့ ကိုယ့်ကိုယ်ကိုယ် စဉ်းစားမိသည်။ သီချင်းရေးနေလို့ပဲလား၊ ဒါမှမဟုတ် သူ့စိတ်တွေပဲ ပြောင်းလဲလာလို့ပဲလား မသိပါ။ အဲဒီနေ့ တစ်ရက်လုံး နိုရာကို တွေ့ချင်မြင်ချင်စိတ် မရှိသည်ကတော့ အမှန်ပင်။ ဒါဆို ဘယ်သူ့ကို သတိရနေလဲ။

ထိုသို့တွေးရင်း ဆက်မော် ပြုံးမိသွား၏။ တကယ်တမ်း လောလောဆယ်မှာ နေခြည်ကိုပဲ တွေ့ချင်နေမိသည် မဟုတ်ပါလား။

နောက်တစ်ရက် မနက်ကျတော့ အိပ်ယာမှ နိုးနိုးချင်း ဟိုတယ်ခန်းမထဲသို့ ဝင်သွားလိုက်သည်။ ခါတိုင်းနေ့တွေကထက် ပို၍ လှုပ်ရှားနေသော ဧည့်သည်တွေကို ကြည့်ပြီး ဘာလဲဟ ဟူ၍ပင် တွေးမိသေးသည်။

ပြီးမှ ဝန်ထမ်းတစ်ယောက်ကို မေးကြည့်တော့မှ ဩော်ဟု ရေရွတ်မိ၏။ ဒီနေ့ ကမ်းခြေမှာ နိုရာတို့ လိုက်ဖ်ရှိုး ဗီစီဒီရိုက်ဖို့ ရှိနေ

သည်တဲ့လေ။

ဆက်မော်လည်း နိုရာကို ပြောခဲ့တာ သတိရသွားသည်။

ထို့ကြောင့် မနက်စာ စားပြီး ကမ်းခြေဘက်သို့ ထွက်ခဲ့လိုက်၏။ လိုက်ဖ်ရှိုးလုပ်နေသောနေရာ ရောက်တော့ အစီအစဉ်ပင် စနေပြီ။ ခပ်လှမ်းလှမ်းကပဲ ရပ်ကြည့်နေဖြစ်၏။

တစ်ယောက်ပြီးတစ်ယောက် ဆိုရင်း နိုရာအလှည့်သို့ ရောက်လာသည်။ နိုရာက လှပမြူးကြွစွာ သီချင်းအသစ်တစ်ပုဒ်ကို ဆိုသွား၏။

သီချင်းဆုံးတော့ အောက်မှ ပရိသတ်တွေက နိုရာ အရမ်းအောင်မြင်ခဲ့သော သီချင်းတစ်ပုဒ်ကို ဆိုခိုင်းကြသည်။

ဆက်မော်ရင်ထဲမှာ လှိုက်ဖိုသွားရ၏။

အဲ့ဒီသီချင်းက နိုရာအတွက် သူရေးပေးခဲ့တဲ့သီချင်း။

ကြည့်နေစဉ်မှာပဲ နိုရာက ထိုသီချင်းကို စာသားမေ့နေလို့ပါဟု ပြောရင်း စင်ပေါ်က ဆင်းသွားပါသည်။

ဆက်မော်ရင်ထဲမှာ အောင့်သွားရ၏။ ထိုသီချင်းအား နိုရာ စာသားမေ့နေသည်ဆိုခြင်းမှာ မဖြစ်နိုင်ပါ၊ သူ့သီချင်းမို့လို့ မဆိုတာပဲ ဖြစ်မည်။

ပြတ်သားလှချည်လား နိုရာရယ်ဟုပဲ စိတ်ထဲမှ ရေရွတ်မိ၏။ ကြည့်ချင်စိတ် မရှိတော့၍ လှည့်ထွက်ရန် ပြင်လိုက်စဉ်မှာပဲ. . .

"ကိုဆက်. . ."

လှည့်ကြည့်တော့ နိုရာကို တွေ့လိုက်ရသည်။ နိုရာက သူ့ရှေ့သို့ ကျော့ကျော့မော့မော့လေး လျှောက်လာပြီး. . .

"ကိုဆက်. . . နိုရာဆိုတာ ကောင်းလားဟင်"

ဆက်မော်က အံ့သြပြုံးပြရင်း. . .

"အင်း. . . ကောင်းပါတယ်"

ဆက်မော်ပုံစံကြည့်ကာ နိုရာကပဲ. . .

"ဟင်. . . ကိုဆက်က ပြန်တော့မလို့လား"

"ဟုတ်တယ်. . . ခေါင်းထဲ ငြီးစီစီဖြစ်နေလို့"

နိုရာက မျက်ခုံးလေး တွန့်လိုက်သည်။

"ကိုဆက်ကလည်းကွာ. . . ခဏနေပါဦး၊ နောက်နှစ်ယောက် ပြီးရင် နိုရာ ထပ်ဆိုဖို့ ရှိတယ်၊ ရဲသူနဲ့လေ၊ သူက ရက်(Rap) ဆိုပြီး နိုရာက မယ်လိုဒီ(Melody) ဆိုမှာ၊ ကိုဆက် ကြည့်သွားဦးလေ"

ဆက်မော် အနည်းငယ် တင်းသွားသည်။ ဒါ နိုရာကပဲ သူ့ကို ရွဲ့နေတာလား၊ ဆက်မော် ခပ်တည်တည်ပဲ ပြန်ပြောလိုက်၏။

"ကိုယ် ကြည့်ချင်စိတ် မရှိတော့ဘူး နိုရာ"

"ဟာ. . . ကိုဆက်ကလည်း၊ ကြည့်ရမယ်ကွာ၊ နိုရာက ဒီလို စုံတွဲဆိုဖူးတာ မဟုတ်ဘူး၊ ပြီးရင် အဆင်ပြေမပြေ ကိုဆက်ကို မေးမလို့ပါဆို"

"နိုရာက ဆိုတတ်တာပဲ. . . ကောင်းမှာပါ"

"ဘာပဲဖြစ်ဖြစ်ကွာ. . . ကြည့်ရမယ်"

ကလေးတစ်ယောက်လို အတင်းကြီး ပူဆာနေသဖြင့် ဆက်မော် စိတ်ရှုပ်လာရသည်။ ဖြစ်နိုင်လျှင် ဒီနေရာက လှည့်ထွက်သွားချင်လှပြီ။

ထိုအချိန်မှာပဲ သူတို့နှစ်ယောက်ကို ရပ်ကြည့်နေသော နေခြည်တစ်ယောက် မဲ့ပြုံးလေး ပြုံးလိုက်သည်။

ပြောနေသည့် စကားသံတွေကိုလည်း ကြားနေရပါ၏။

ဆက်မော် စိတ်ရှုပ်နေတာကိုလည်း ရိပ်မိသည်။

ထို့ကြောင့် အနားသို့ လျှောက်သွားလိုက်ပြီး. . .

"ကိုဆက်မော် ရှိုးပွဲလာကြည့်တာလားရှင့်"

အပြုံးလေးနှင့်ပင် မေးလိုက်မိသည်။

ဆက်မော်က. . .

"ဟာ. . . နေခြည်ပါလား၊ ဟုတ်တယ်ဗျ၊ ဒါပေမယ့် ခု ပြန်တော့မလို့လေ"

"ကိုဆက်နော်. . . မပြန်ရပါဘူး"

နေခြည် မျက်နှာလေး မသိမသာ မဲ့သွားသည်။ သို့သော်လည်း ချက်ချင်းပင် ဟန်လုပ်ပြုံးလိုက်ကာ. . .

"သြော်. . . ကိုဆက်မော်၊ ကိုဆက်မော်ပဲ သဲဖြူကျွန်းဘက် သွားချင်တယ်ဆိုလို့ ကျွန်မတောင် မော်တော်ဘုတ် စီစဉ်ထားသေးတယ်၊ အဲဒါ လာပြောတာ"

ဆက်မော် ကြောင်သွားမိသည်။ ထိုသို့ နေခြည်ကို မပြောဖူးပါ။

သို့သော်လည်း ဒီနေရာက ထွက်သွားချင်ပြီမို့. . .

"ဟာ. . . ဟုတ်လား၊ သွားမယ်လေ"

ချက်ချင်းပဲ ဆက်မော် ဖြစ်သွားသောပုံစံကြောင့် နိုရာက မျက်နှာလေး မဲ့လိုက်သည်။

"သြော်. . . ကိုဆက်ကလည်း၊ ဒီနေရာက ဘယ်အချိန်ပဲသွားသွား ရပါတယ်၊ ဒီရှိုးပွဲက. . ."

"မရပါဘူးရှင့်"

နေခြည် ဖြတ်ပြောလိုက်သောစကားကြောင့် နိုရာ ပါးစပ်ပိတ်သွားသည်။ နေခြည်ကိုလည်း ရှုတင်းတင်း ကြည့်လိုက်၏။

အကြည့်ကို မသိကျိုးကျွံပြုရင်း နေခြည်က. . .

"ဒီလိုပါ အစ်မ၊ ပင်လယ်ထဲက ကျွန်းဆိုတာ ပင်လယ်ရေအတက်အကျပေါ် မူတည်ပြီး သွားရတာမို့လို့ပါ"

"ဩော်. . . ဟုတ်လား"

ရွဲ့သလို ပြောရင်း နိုရာမျက်နှာလေးက ရှုံ့မဲ့သွားသည်။

ဆက်မော်နှင့် နိုရာကို တစ်လှည့်စီ ကြည့်လိုက်ပြီး. . .

"ဟင်း. . ဟင်း. . ဝန်ဆောင်မှုက သိပ်ကောင်းလွန်းနေတာကိုး၊ သဘောပဲလေ. . . ကိုဆက် သွားချင်ရင် သွားပေါ့"

နိုရာ၏အကြည့်ကို လွှဲရင်း ဆက်မော် ပြောလိုက်သည်။

"ဒါဆိုလည်း သွားမယ် နိုရာ၊ ဟိုက စောင့်နေတဲ့လူတွေကို အားနာစရာ ဖြစ်ရဦးမယ်"

နိုရာ ဘာမှ မပြောတော့၊ နေခြည်ကိုပဲ မကြည်သလို တစ်ချက်ကြည့်ပြီး လှည့်ထွက်သွားလေသည်။

ဆက်မော်က နိုရာ၏ကျောပြင်ကို ကြည့်နေရင်းမှ မျက်နှာလွှဲလိုက်ကာ. . .

"ကျေးဇူးပဲ နေခြည်"

နေခြည်က မျက်နှာလွှဲချလိုက်ပြီးမှ. . .

"မလိုပါဘူး. . . ကိုဆက်မော်၊ ကြုံလို့ ကူညီလိုက်တာပါ၊ ကိုဆက်မော် ကျဉ်းထဲကျပ်ထဲ ရောက်နေတယ် ထင်လို့"

နှစ်ယောက်သား မျက်နှာချင်း ဆုံမိကြသည်။ ရင်ထဲမှာလည်း

သို့်င်းတစ်ခုစီ ဖြတ်သန်းသွားကြ၏။

နေခြည်က အကြည့်စူးစူးကို မခံနိုင်သလို မျက်လွှာထပ်ချသွားပေမယ့်လည်း နေခြည်အကြည့်တွေကို ဆက်မော် နားလည်လိုက်ပါသည်။ သံယောဇဉ် တစ်စွန်းတစ်စ ပေစွန်းနေသည့် မျက်ဝန်းများ။

နှစ်ယောက်သား လျှောက်လာကြရင်း ဆက်မော်က ပြောလိုက်သည်။

"နေခြည်. . . ဟိုလေ ဂစ်တာပေးတဲ့အတွက် ကျေးဇူးပါပဲနော်၊ ကျွန်တော် သီချင်းရေးဖြစ်တယ် သိလား"

"ဟယ်. . ."

နေခြည် ဝမ်းသာသွားပုံလေးက အထင်းသား၊ ချက်ချင်းပင် ဆက်မော်ကို ကြည့်လိုက်ကာ. . .

"တကယ်. . . အဲဒါဆိုရင်တော့ အဲဒီသီချင်း ကျွန်မကို ဆိုပြရမယ်နော်"

"ဆိုပြမှာပေါ့"


"ဘယ်တော့လဲ"

သက်ပြင်းဖွဖွချရင်း ဆက်မော် ပြောလိုက်မိသည်။

"တစ်နေ့နေ့ပေါ့ နေခြည်ရယ်"

နေခြည်ထံမှ သက်ပြင်းချလိုက်သံကိုလည်း ဆက်မော် ကြားဖြစ်အောင် ကြားလိုက်မိပါသည်။





အချစ်ဆိုတာ
တစ်ခါတစ်ခါ စနစ်တကျနဲ့
တစ်ဖက်သတ် အသက်ဝင်လာတာမျိုးပါ။

# (၈)

ညဘက် အခန်းအပြင်မှာ ရပ်ပြီး ပင်လယ်ဘက်ဆီ ဆက်မော်ေးကြည့်နေဖြစ်သည်။ တစ်ဖက်အခန်းမှ နိုရာကို ရဲသူ လာခေါ်နေသံကြားလိုက်ရ၏။ လှည့်မကြည့်ဖြစ်အောင် စိတ်ထိန်းထားလိုက်သည်။

ရပ်ငေးနေရင်းမှ နေခြည်နှင့် ပတ်သက်နေမှုတွေကိုလည်း ပြန်စဉ်းစားနေလိုက်၏။

ခုဆိုလျှင် နေခြည်နှင့်သူပင် အတော်ခင်နေကြ၏။ နေခြည်၏ စာနာမှုတွေက တဖြည်းဖြည်းနှင့် သံယောဇဉ်တွေ ပေစွန်းလာခဲ့သည် ဟော့တ်ပါလား။

သူ့အပေါ် နိုရာ၏ဆက်ဆံမှုတွေအပေါ် နေခြည် စာနာပြီး ကူညီပေးခဲ့မှုတွေကို ပြန်စဉ်းစားရင်း ဆက်မော် ကျေနပ်နေမိသည်။

ထိုအချိန်မှာပဲ. . .

"ဟင်. . . အစ်ကို ဒီမှာ တစ်ယောက်တည်း ဘာလုပ်နေတာလဲ"

နောက်ဘက်မှ လှမ်းပြောလိုက်သော ဝန်ထမ်းကောင်လေး၏ အသံကြောင့် ဆက်မော်က လှည့်ပြီး. . .

"ဟေ. . . ဘာဖြစ်လို့လဲကွ၊ ငါ့အခန်းရှေ့မှာ ငါရပ်နေတာပဲ"

တွေးနေသော ဖီးလ်ပျက်သွားသဖြင့် ဆက်ဘောဘုပြောလိုက်မိသည်။ ကောင်လေးက ဟီးကနဲ ရယ်ကာ. . .

"မဖြစ်ပါဘူး အစ်ကိုရ၊ ဟိုတယ်ဝန်းထဲမှာ မီးပုံပွဲ လုပ်နေတယ်လေ၊ ဟိုမှာ အားလုံး ပျော်နေကြတာ၊ အစ်ကိုက မသွားဘူးလား"

"ဩော်. . . သိမှ မသိဘဲကွာ"

"သွားလိုက် အစ်ကိုရာ၊ မီးပုံပွဲက ပျော်စရာကောင်းတယ်ဗျ၊ ဟိုတယ်ကပဲ လုပ်ပေးတာ"

အခန်းထဲ ဝင်ကာ အပေါ်အင်္ကျီဝတ်ပြီး ဆက်မော် ဆင်းခဲ့သည်။ အောက်ရောက်တော့ ခပ်လှမ်းလှမ်းက သဲပြင်ပေါ်မှာ မီးပုံတစ်ခုနှင့် ပျော်မြူးလှုပ်ရှားနေကြသော ဧည့်သည်များကို တွေ့လိုက်ရသည်။

အနားရောက်တော့ ဝန်ထမ်းကောင်လေးတစ်ယောက်က ကော့(လ်)တေးတစ်ခွက် လာပေးသည်။ ကော့လ်တေး သောက်ရင်း ပျော်ရွှင်နေကြသောလူများကို ကြည့်ကာ အပျော်တွေပင် ကူးစက်လာ

ရသည်။

ကြည့်နေရင်းမှာပဲ မီးပုံအနီးမှာ နိုရာနှင့် ရဲသူတို့ ဖက်ကာကနေသည်ကို တွေ့လိုက်ရသဖြင့် ဆက်မော် မျက်နှာလွှဲလိုက်မိသည်။ ရင်ထဲမှ အပျော်စိတ်ကလေးပင် ပျောက်ကာ ညစ်သွားရ၏။

ထို့ကြောင့် မီးပုံပွဲအနီးမှ လှည့်ထွက်ခဲ့သည်။ ဟိုတယ်ဝင်းအပြင်ဘက် ကမ်းခြေဆီသို့ ထွက်ခဲ့၏။ လျှောက်လာရင်းမှာပင် သဲပြင်ပေါ်မှာ ထိုင်နေသော သဏ္ဍာန်တစ်ခုကို မီးပုံမှ မီးရောင်ဟပ်မှုဖြင့် တွေ့လိုက်ရသည်။

ဘေးနားမှ ဖြတ်သွားရင်း ဆက်မော် အံ့ဩသွားရ၏။

ထိုင်နေသူမှာ နေခြည်ဖြစ်နေသောကြောင့်ပင်။

ဆက်မော်က ပင်လယ်ဘက် ငေးနေသော နေခြည်ကို အသံပြုလိုက်၏။

"နေခြည်"

နေခြည်က မော့ကြည့်လာပြီး. . .

"ဩော်. . .ကိုဆက်မော်ပါလား"

ဘေးနားမှာ အသာဝင်ထိုင်လိုက်ရင်း ဆက်မော်ကပဲ. . .

"တစ်ယောက်တည်း ဘာလုပ်နေတာလဲ နေခြည်ရဲ့၊ မီးပုံပွဲမသွားဘူးလား"

ရယ်သံဖွဖွကို အရင်ကြားလိုက်ရသည်။ ပြီးမှ. . .

"ဒီလို မီးပုံပွဲဆိုတာ ကျွန်မအတွက် ဘာထူးဆန်းလို့လဲ ကိုဆက်မော်ရယ်၊ ခဏခဏ ကြုံနေတာပဲလေ"

"အင်းနော်. . . ဟုတ်သားပဲ"

နေခြည်က ငဲ့ကြည့်ရင်း. . .

"ဒါနဲ့ ကိုဆက်မော်ကကော မသွားဘူးလား"

"အင်း. . . ပထမတော့ အဲဒီကို လာတာပဲ၊ ပြီးမှ မတွေ့ချင်တဲ့ သူတွေ တွေ့နေလို့ ဒီဘက် ထွက်လာခဲ့တာ"

နေခြည်က ခပ်ညှင်းညှင်း ထပ်ရယ်သည်။

"ဟုတ်လား. . . ဒါဆိုရင်တော့ ကျွန်မနဲ့ တူနေပြီ"

"ဘယ်လို"

"ကျွန်မလည်း အဲဒီမှာ မတွေ့ချင်တဲ့လူ တွေ့နေရလို့ ဒီမှာ လာထိုင်နေတာ"

"ဩော်. . ."

ခပ်တိုးတိုးပဲ ရေရွတ်မိသည်။ ဘာမှတော့ ထပ်မမေးဖြစ်ပါ၊ နှစ်ယောက်သားကြားမှာ လှိုင်းပုတ်သံက ကြီးစိုးသွားသည်။ ပင်လယ်မှ တိုက်ခတ်လာသော လေစီးကြောင့် နေခြည့်ကိုယ်သင်းနံ့ကို ဆက်မော် သန့်ရှိုက်မိသည်။

လှုပ်ရှားနေသောစိတ်ကြောင့် နေခြည်ကို စိတ်ဝင်စားနေမိပြီ လားဟု တွေးမိကာ တုန်လှုပ်သွားရသည်။

အတန်ကြာမှ သက်ပြင်းချသံဖွဖွ ကြားလိုက်ရပြီး. . .

"ကိုဆက်မော်. . . အချစ်ဆိုတာကို ဘယ်လိုမြင်လဲဟင်"

ဆက်မော် ရုတ်တရက်မို့ ဆွံ့အသွားပြီးမှ ရယ်ကျဲကျဲနှင့်. . .

"ကိုယ့်အမြင်ကို နေခြည်သိပြီးပြီလေ"

"ဟင်. . . ဘယ်တုန်းကလဲ"

"ဟာ. . . ဟိုနေ့ကလေကွာ၊ ကိုကျော်စိုးဆိုတဲ့လူနဲ့ ပြောနေ

ဘာကို နေခြည် ကြားတယ်ဆို"

"ဩော်. . . အဟင်းဟင်း၊ အဲ့ဒါ မူးလို့ ပြောတာ မဟုတ်ဘူးလား"

"ဟင့်အင်း. . . အချစ်က အဲ့ဒီတစ်ခုတော့ ထူးဆန်းတယ်၊ ကားသာ မူးရင်မမောင်းနဲ့၊ အချစ်က မူးလည်း မောင်းလို့ရတယ်"

"အခိခိ. . . ကိုဆက်မော်က ရယ်စရာလည်း ပြောတတ်တာပဲ၊ ကျွန်မအမြင်ပြောရရင်"

"အချစ်စစ်ဆိုတာ တစ္ဆေလိုပဲတဲ့၊ သူ့အကြောင်းပဲ လူတွေပြောကြပြီး တွေ့ဖူးတဲ့သူ ရှားတယ်တဲ့"

"အံမယ်. . . နေခြည်စကားက တယ်ဟုတ်ပါလား"

"ကျွန်မစကား မဟုတ်ပါဘူး၊ စာထဲမှာ ဖတ်ဖူးတာပါ၊ ဒါပေမယ့် ဟုတ်တယ်နော်"

"ဖြစ်နိုင်ပါတယ်. . . အချစ်စစ်စစ်ဆိုတာ ကိုယ်နဲ့ တိုက်ဆိုင်ဖို့ ဘယ်လွယ်ပါ့မလဲ"

နေခြည် စကားသံ ခဏတိတ်သွားသည်။ ပြီးမှ. . .

"ကျွန်မ ရည်းစားတစ်ယောက် ထားဖူးတယ် သိလား၊ ပထမဆုံးဆိုတော့ သာယာသလိုပဲ၊ နောက်မှ ကျွန်မကြုံခဲ့ရတာ အချစ်အတုဖြစ်နေမှန်း တဖြည်းဖြည်း သိလာခဲ့ရတယ်၊ သိသိချင်းပဲ ကျွန်မ ဖြတ်တောက်လိုက်တယ်၊ ကျွန်မကို ပြန်ချဉ်းကပ်ပေမယ့် ပြန်လက်မခံခဲ့ဘူး၊ အခုတော့ ရှိတယ် ကိုဆက်မော်၊ သူနဲ့ ပတ်သက်ပြီး နောက်ပိုင်းမှာ ကျွန်မ ဘာမှ မခံစားရတာ အမှန်ပဲ"

"ဟင်. . . ဒါဆို နေခြည် ကျွန်တော့်ကို ပြောပြနေတာက"

ရင်ဖွင့်တာ မဟုတ်လားဟူသောစကားကို မသုံးချင်၍ ထိုကဲ့သို့ မေးလိုက်ခြင်းဖြစ်သည်။

နေခြည် ရယ်ကာ ခေါင်းခါလျက်. . .

"ကိုဆက်မော် ထင်သလို မဟုတ်ပါဘူး၊ ပြောချင်တာက အဲဒီလူ မီးပုံပွဲမှာ ရှိနေလို့ ကျွန်မ ဒီမှာ လာထိုင်နေတာ"

"ဩော်. . . ဒီလိုလား၊ ဘဝတူတွေပေါ့"

ထိုစကားကြောင့် နေခြည်က ဆတ်ခနဲ လှည့်ကြည့်ပြီး. . .

"ဘဝတူတွေ မဟုတ်ပါဘူးနော်၊ ကိုဆက်မော်က ခံစားပြီး ကြေကွဲနေတာ၊ ကျွန်မက အေးဆေးပဲ. . . ဘာမှမဖြစ်ဘူး"

ဆက်မော်က ရယ်လိုက်ကာ. . .

"ဟုတ်ပါပြီဗျာ၊ အင်း. . . ကျွန်တော်လည်း တဖြည်းဖြည်း ခံနိုင်ရည် ရှိလာပြီ သိလား၊ အဲဒါလေ တစ်ယောက်ယောက်ရဲ့စကားတွေနဲ့ စာနာကူညီပေးမှုတွေ ပါတယ်၊ ဘယ်သူလဲ သိလား နေခြည်"

နေခြည် ဘာမှ မပြောဘဲ ခေါင်းလေး ငုံ့သွား၏။

ဆက်မော်ကပဲ. . .

"နေခြည်"

ခေါ်သံကြောင့် မျက်နှာလေးက ဖြည်းညင်းစွာ မော့လာသည်။ လရောင်လေး စိမ့်ဝင်နေသော နေခြည်မျက်နှာလေးကို ငေးကာ ရင်ခုန်သံတွေက မြန်လာရသည်။

ဒီရင်ခုန်သံဟာ အသစ်လား အစစ်လားဆိုတာတော့ မဝေခွဲတတ်သေး။

နေခြည်မျက်နှာက သူ့ဘက်လှည့်လာသည်။ နှစ်ယောက်သား

အကြည့်ချင်း ဆုံမိကြ၏။ အကြည့်နှစ်ခုက လရောင်အောက်မှာ ဝတ်မှုံကူးလျက်။

"နေခြည်"

"ကိုဆက်မော်"

တိုးမွသော ခေါ်သံနှစ်ခုက ပြိုင်တူထွက်သွားကြသည်။

နှစ်ယောက်စလုံး ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်နေကြစဉ်မှာပဲ. . .

"ဪ. . . နေခြည်က ဒီမှာကိုး"

ရုတ်တရက် ကြားလိုက်ရသောအသံကြောင့် ဆက်မော်ကြောင်အမ်းသွားရသည်။

နေခြည်က ချက်ချင်းထရပ်လိုက်ကာ. . .

"သော်ဇင် နင် ဘာလာလုပ်တာလဲ"

သော်ဇင်ဆိုသည့်လူက ဆက်မော်ကို တစ်ချက်ကြည့်လိုက်ပြီးမှ နေခြည်ဘက် လှည့်လိုက်ပြီး. . .

"ငါ ဘာလာလုပ်တာလဲဆိုတာထက် နင် ငါ့ကို ဘာဖြစ်လို့ ရှောင်နေတာလဲ ပြောစမ်းပါ"

နေခြည်က မခိုးမခန့် ရယ်လိုက်ရင်း. . .

"အဟင်း. . . ရှင်းနေတာပဲလေ၊ နင့်ကို မတွေ့ချင်လို့၊ နင့်လိုသူမျိုးကို မျက်နှာချင်းမဆိုင်ချင်လို့ပေါ့ဟာ၊ နေစမ်းပါဦး. . . နင်ကကောဒီကိုဘာလာလုပ်တာလဲ"

သော်ဇင် ဘာပြောရမှန်းမသိ ဖြစ်သွားပုံရသည်။ လေသံကို လျှော့ချလိုက်ပြီး. . .

"ငါ နင့်ဆီကို လာတာပေါ့ နေခြည်ရာ၊ ငါ့အမှားတွေအတွက် ငါ တကယ်တောင်းပန်ပါတယ်၊ ငါ့ကို ခွင့်လွှတ်ပါဟာ၊ ငါတို့ အရင်လို. . ."

"တော်တော့ သော်ဇင်၊ နင့်ကို ငါ ရန်ကုန်မှာကတည်းက အပြတ်ပြောပြီးသားပဲ၊ နင်နဲ့ ဆုံနေမှာစိုးလို့တောင် ဒီမှာ လာနေတာ၊ နင်နဲ့ ပတ်သက်ပြီး ငါ့မှာ ဘာခံစားချက်မှ မရှိသလို ပြောစရာစကားလည်း မရှိဘူး၊ နင် ငါ့ရှေ့က ထွက်သွားပါ"

နေခြည် မျက်နှာလေးက တင်းမာနေရုံမျှမကဘဲ အသံကပါ အေးစက်မာကျောနေသည်။ သူတို့နှစ်ယောက်ကို ကြည့်ပြီး ဆက်မော်သဘောပေါက်သွား၏။ သော်ဇင်ဆိုတာ နေခြည် ရည်းစားဟောင်းပဲဖြစ်မည်။

ကြားဝင်ရန် မသင့်သောကြောင့် ဆက်မော် အသာရပ်နေလိုက်၏။

နေခြည်ကိုလည်း ဒီပုံစံမျိုးနှင့် မထားရက်နိုင်ပါ။

သော်ဇင်က နေခြည်ကို စိုက်ကြည့်နေပြီးမှ. . .

"ငါ မသွားနိုင်ဘူး နေခြည်၊ နင့်ဆီက ခွင့်လွှတ်တယ်ဆိုတဲ့ စကား မကြားရမချင်းပေါ့"

နေခြည်က လှောင်ရယ်,ရယ်လိုက်ရင်း. . .

"စိတ်ကူးယဉ်မနေနဲ့ သော်ဇင်၊ နောက်ဘဝတောင် နင်နဲ့ ထပ်မတွေ့ချင်ဘူး၊ အေး. . . နင်မသွားရင် ငါသွားမယ်၊ လာ. . . ကိုဆက်မော်"

ပြောရင်း နေခြည်က ချာကနဲ လှည့်ထွက်လိုက်သည်

ထိုအချိန်မှာပဲ သော်ဇင်က နေခြည်လက်ကို ဖမ်းဆွဲလိုက်ကာ. . .

“နေခြည် နင် မသွားရဘူး”

“ဘာလုပ်တာလဲ သော်ဇင်၊ ငါ့လက်ကို လွှတ်နော်”

“မလွှတ်ဘူးကွာ. . . ဘာဖြစ်လဲ”

မထင်မှတ်ထားသော အဖြစ်အပျက်ကြောင့် ဆက်မော်ပင် ကြောင်အမ်းသွားရသည်။

နေခြည်၏ ပျက်ယွင်းနေသောမျက်နှာနှင့် သော်ဇင်၏ မိုက်ရူး ရဲပုံစံကြောင့် ချက်ချင်းဆုံးဖြတ်လိုက်သည်။

ရှေ့တိုးကာ သော်ဇင်နှင့် မျက်နှာချင်းဆိုင်လိုက်ရင်း. . .

“လက်ကို လွှတ်ပေးလိုက်ပါကွာ၊ ဒီကိစ္စမျိုးက အေးအေးဆေး ဆေး ဖြေရှင်းလို့ ရပါတယ်”

“အို. . . ဘာမှ ဖြေရှင်းစရာ မရှိဘူး”

နေခြည်အော်သံနှင့်အတူ သော်ဇင်က ဆက်မော်ကို ကြည့် ကာ. . .

“နေစမ်းပါဦး. . . ခင်ဗျား ဘာမို့လို့လဲ၊ ဘာအကန့်နဲ့ လာဝင် ပြောတာလဲ”

ဆက်မော် မပြောခင်မှာပဲ နေခြည်က. . .

“ပြောမှာပေါ့. . . ကိုဆက်မော်က ငါ့ချစ်သူပဲလေ”

“ဘာ. . . ”

အကျယ်ကြီး အော်လိုက်ပြီးမှ သော်ဇင်က ဟားတိုက်ရယ်လိုက် ပြီး. . .

“သွားစမ်းပါ နေခြည်ရာ၊ ငါ မယုံဘူး”

ဆက်မော်က ဆွဲထားသော သော်ဇင့်လက်ကို ခပ်ဆတ်ဆတ် ရိုက်ဖြုတ်ပစ်လိုက်ပြီးမှ. . .

"ချစ်သူဘဝမှာ မှတ်ပုံတင်ရုံး မရှိဘူး၊ သန်းခေါင်စာရင်း မလိုဘူး၊ ကျော်ငြာမဝင်လည်း တွဲလို့ရပါတယ်ကွ၊ လာ. . . နေခြည်"

ထိုစဉ်မှာပင် သော်ဇင် လျှပ်တပြက် လှုပ်ရှားကာ ဆက်မော်၏ မျက်နှာကို ရိုက်ချလိုက်တော့၏။

"ဖြောင်း"

မျက်လုံးထဲ ကြယ်တွေ စုံသွားပြီး သဲပြင်ပေါ်ကို ဖင်ထိုင်ကျသွားသော်လည်း ဆက်မော် သတိဝင် ချက်ချင်းပြန်ထသည်။

"ယား"

သော်ဇင်က အထမခံဘဲ အားကုန် ခုန်ကန်သဖြင့် ဆက်မော် ကိုယ်ကို လှည့်ရှောင်ရင်း သော်ဇင်၏အောက်ခြေကိုအကျကို ဖြတ်သိမ်းပစ်လိုက်၏။

"ဘုံး"

"အီး"

သော်ဇင် ပြန်အထကို ဆက်မော် စောင့်လိုက်သည်။ ပြီးမှ. . .

"ငါ့လက်က လှပချိုလွင်တဲ့သံစဉ်ကိုပဲ ဖန်တီးချင်ပါတယ် သော်ဇင်၊ မင်းထပ်ပြီးမနှောင့်ယှက်ပါနဲ့တော့"

"အဟက်ဟက်. . . ဘာလဲ. . . မင်းကြောက်နေပြီလား"

"မင်းမှားပြီပဲ. . . အနုပညာသမားထက် သတ္တိကောင်းတဲ့သူ လောကမှာ ရှိသေးလို့လား၊ ရန်ဖြစ်တယ်ဆိုတာ လူပေါတွေ လုပ်ကြတဲ့အလုပ်ပါကွာ၊ ငါတို့ တော်လိုက်ကြရအောင်"

"ဟော့ကောင်. . . ပေါပေါမပေါပေါ ဒီည မင်းရှောပြီ"

ပြောရင်းနှင့် နွားရိုင်းတစ်ကောင်လို ပြေးဝင်လာသဖြင့် ဆက်မော် ဘယ်လိုမှ မတတ်နိုင်ဘဲ နူရွတဲ့လက်ဖျားပေါ်ကို တောင်ဖြိုတဲ့အခါ သုံးသည့်ခွန်အားမျိုး တွန်းတင်ပေးလိုက်ရလေ၏။

"ခွပ်"

"အ"

"ခွပ်. . . ဖောင်း"

"ဘုံး"

မချိမဆန့် ခံနေရသည့်ကြားက ကုန်းထလာသော သော်ဇင်အား အရှိုက်တည့်တည့် ဒူးပစ်သွင်းကာ ပစ်ချထားလိုက်သည်။

ဒါတောင် သဲလူးနေသောမျက်နှာနှင့်. . .

"ဟော့ကောင်. . . မင်းနဲ့ တွေ့ဦးမယ်ကွ"

ထိုအချိန်မှာပဲ နေခြည်က ဆက်မော်လက်ကို ဆွဲကာ. . .

"လာ. . . ကိုဆက်မော်၊ ထပ်ဖြစ်မနေနဲ့ သွားရအောင်"

နှစ်ယောက်သား လှည့်ထွက်လိုက်စဉ်မှာပဲ သော်ဇင်က လှမ်းအော်ပြောသေးသည်။

"နေခြည် နင်နဲ့လည်း ငါတွေ့ဦးမှာပါ"

နေခြည်က လှည့်မကြည့်သလို ဆက်မော်ကလည်း ဂရုမစိုက်တော့ပါ။

ခပ်လှမ်းလှမ်းရောက်မှ နေခြည်က. . .

"ကျွန်မ စိတ်မကောင်းပါဘူး ကိုဆက်မော်၊ ကျွန်မကြောင့် ဖြစ်ရတာဆိုတော့"

"ရပါတယ် နေခြည်၊ ကျွန်တော်က ဒီတစ်ခါမှ နေခြည်ကို ကူညီခွင့်လိုက်တာပါ"

နေခြည်က အားနာဟန်လေးနှင့် ကြည့်ပြီး. . .

"ကိုဆက်မော်. . . ဟိုလေ. . . အဲဒီကောင်နဲ့ ထပ်တွေ့လည်း မဖြစ်ပါနဲ့တော့နော်၊ ကိုဆက်မော် တစ်ခုခု ဖြစ်မှာစိုးလို့ပါ"

"စိတ်ချပါ နေခြည်ရယ်၊ ကျွန်တော် ရန်ဖြစ်ရမှာ မကြောက်ပါဘူး၊ ဒါပေမယ့် ထပ်မဖြစ်စေရဘူးလို့ ကတိပေးတယ်"

လျှောက်နေရာမှ နေခြည်က ရပ်လိုက်ရင်း. . .

"ကျေးဇူးပါပဲ ကိုဆက်မော်၊ ကဲ. . . ကျွန်မ သွားတော့မယ်နော်"

ဟိုတယ်၏ ပင်မအဆောက်အဦးနားသို့ ရောက်နေပြီ ဖြစ်သည်။

ဆက်မော်က နေခြည်ကို စိုက်ကြည့်လိုက်ရင်း. . .

"နေခြည်"

"ပြောလေ ကိုဆက်မော်"

မျက်နှာနုနုကို တရှိုက်နင့်နင့် ငေးစွင့်ရင်း မထိန်းချုပ်နိုင်စွာ ဆက်မော် ပြောလိုက်မိသည်။

"နေခြည် ခုနက ပြောခဲ့တာ တကယ်ပဲဆိုရင် သိပ်ကောင်းမှာပဲလို့ ကျွန်တော် တွေးနေမိတာ"

"အို. . ."

ဆံနွယ်တွေ ကပိုကရို ဖုံးကွယ်လျက် နေခြည် ခေါင်းငုံ့သွားသည်။

ရှက်သံဝဲဝဲလေးကလည်း ထွက်လာ၏။

"အာ. . . ကိုဆက်မော်ကလည်း၊ ဘာမှန်းမသိဘူး"

"တကယ်ပြောတာပါ နေခြည်ရဲ့"

"တော်ပြီကွာ. . . သွားတော့မယ်"

ပြောရင်း နေခြည် လှည့်ကာ ပြေးထွက်သွားတော့၏။


ဆက်မော် ကြောင်ပြီး ကြည့်နေရင်းမှ. . .

"ဟာ. . . နေခြည်. . . နေခြည်"


နေခြည်က ပြေးနေရင်းမှ ဆတ်ကနဲ ရပ်ကာ လှည့်ကြည့်ပြီး လျှာကလေး ထုတ်ပြသွားလေသည်။

ဆက်မော်ရင်ထဲမှာ တစ်ခါမှ မခံစားဖူးသော နွေးထွေးသည့် လှိုက်ဖိုမှုကို ခံစားလိုက်ရလေသည်။

ဒဏ်ရာရနေသော သူ့နှလုံးသားသည် အသစ်တစ်ဖန် ရှင်ပြန် ထမြောက်လာခဲ့ပြီဆိုတာကိုလည်း ဆက်မော် နားလည်ယုံကြည်မိပါတော့သည်။



အချစ်ဆိုတာ
တစ်ခါတစ်ခါ ချိုမြိန်မှု ဖြစ်သလို
တစ်ခါတစ်ရံမှာလည်း
ချုပ်နှောင်မှု ဖြစ်နေတတ်တယ်။



# (၉)

မနက်စောစောစောမှာ ဖုန်းမြည်သံကြောင့် အိပ်မောကျနေသော နိုရာမှာ နိုးလာခဲ့ရသည်။ အိပ်ချင်မူးတူးနှင့် ဖုန်းနံပါတ်ကို ကြည့်လိုက်၏။ တစ်ဖက်မှ ဆက်လာသူက ရန်ကုန်မှ သီချင်းခွေ ပရိုဂျူဆာဖြစ်သူ ဦးဇော်လင်း။

သူမကို တစ်ကိုယ်တော် စီးရီးခွေ ထုတ်ပေးမည်ဟု ကမ်းလှမ်းထားသည်မို့ နိုရာ အမြန်ပဲ ဖုန်းဖွင့်ကိုင်လိုက်သည်။

ရန်ကုန်သို့ ပြန်ရောက်လျှင် ထိုအခွေအတွက် စာချုပ်ချုပ်မည်ဟု ပြောထားသည် မဟုတ်ပါလား။

"ဟုတ်ကဲ့. . . ပြောပါ ဦးဇော်လင်း"

တစ်ဖက်က ချက်ချင်းပဲ. . .

"ဪ. . . အေး. . . သမီးရာ၊ ပြောရမှာလည်း အားနာပါတယ်၊ တခြားအခြေအနေတွေနဲ့ ဈေးကွက်အနေအထားကြောင့်ပါ၊ သမီးအခွေထုတ်ဖို့ကိစ္စ ဖျက်လိုက်ရတယ်"

"ရှင်. . ."

"စိတ်မကောင်းပါဘူး သမီးရယ်၊ ဦးလည်း ဘယ်လိုမှ မဖြစ်နိုင်တော့လို့ပါ၊ အဲဒါ သမီးကို ကြိုပြောသင့်တယ် ထင်လို့. . . ဒါပဲနော်"

တစ်ဖက်မှ ဖုန်းချသွားသည်နှင့်တပြိုင်နက် နီရာ မွေ့ယာပေါ်သို့ အရုပ်ကြိုးပြတ် ပစ်ကျသွားသည်။

သူမဘဝ အနာဂတ်တွေကတော့ သွားပြီ၊ ဒီအခွေလေးအတွက် သူမ မျှော်လင့်ထားခဲ့သမျှ သဲထဲရေသွန် ဖြစ်ရပြီ။

ဘာဆက်လုပ်ရမည်ကို ခေါင်းအေးအေးထားပြီး စဉ်းစားလိုက်၏။ ပြီးမှ သတိရသွားသည်။ ခု သူမနှင့် တွဲနေသူ ရဲသူက ဦးဇော်လင်းနှင့် အမျိုးတော်စပ်သည်ပဲ။ ထိုအခွေကိစ္စကြောင့်လည်း ရဲသူနှင့်သူမ ဆုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

ထို့ကြောင့်. . .

ဘာလုပ်ရမည်ကို နီရာ သဘောပေါက်သွား၏။ ချက်ချင်းပဲ အိပ်ယာမှ လူးလဲထကာ ရေမိုးချိုးပြီး ရဲသူနှင့် သွားတွေ့လိုက်သည်။

အကျိုးအကြောင်း ပြောပြလိုက်တော့ ရဲသူက ဘာမှ မခံစားရသလိုပင် ပြောလာသည်။

"ဟုတ်လား. . . အင်းလေ. . . ခိုးကူးခွေတွေကြောင့် ဈေး

ကွက်ကလည်း ပျက်နေတာကိုး”

“ဒါဆို ဦးဇော်လင်းတို့ဆီက တခြားခွေတွေ ဘာဖြစ်လို့ ထွက်နေသေးလဲ”

နိုရာအမေးကြောင့် ရဲသူ ကွက်ခနဲ မျက်နှာပျက်သွားသော်လည်း ချက်ချင်းပင် ဟန်လုပ်ကာ. . .

“ဒါတော့ ကိုယ်လည်း မသိဘူးလေ၊ သူ့ကိစ္စကို သူပဲ သိမှာပေါ့”

နိုရာ ထောင်းကနဲ ဒေါသထွက်သွားရသည်။ ရဲသူမျက်နှာကို စေ့စေ့စိုက်ကြည့်လိုက်ပြီးမှ. . .

“ထားပါတော့. . . ဒါနဲ့ နိုရာတို့ အခုရိုက်နေတဲ့အခွေကကော ထွက်ဦးမှာလား”

“ဒါလည်း အခြေအနေအရပေါ့”

“ဘာပြောတယ် ရဲသူ၊ ဒါဆို ဒါတွေက အပျော်လုပ်နေတာလား”

“မင်း အဲဒီလို မပြောနဲ့ နိုရာ၊ ဈေးကွက်အနေအထားကို မင်းသိသလို ဒီအခွေအတွက် ကိုယ် ဘယ်လောက် အကုန်အကျခံထားတယ်ဆိုတာလည်း မင်းသိတာပဲ၊ ဘာလဲ. . . မင်းက မင်းရဲ့တစ်ကိုယ်တော်အခွေကြောင့် ငါ့ကို လာပေါက်ကွဲနေတာလား”

ရဲသူလေသံကြောင့် နိုရာ စိတ်ကို လျှော့ချလိုက်သည်။

“နိုရာ မသိဘူး ရဲသူ၊ စိတ်လှုပ်ရှားသွားတာတော့ အမှန်ပဲ၊ ဟိုလေ. . . ဦးဇော်လင်းက ရဲသူရဲ့ဦးလေးပဲ၊ ရဲသူ ပြောပြကြည့်ပေးပါလား”

အတန်ကြာအောင် ငြိမ်နေပြီးမှ ရဲသူ ခေါင်းခါလိုက်၍ နိုရာ စိတ်ပျက်သွားရသည်။

"မဖြစ်နိုင်ဘူး နိုရာ၊ ကိုယ် အန်ကယ်ဇော်အကြောင်း သိတယ်"

နိုရာက မျက်နှာနှင့်လေသံကို အချိုသာဆုံး လုပ်လိုက်သည်။ အားကိုးတကြီးပုံစံနှင့် ကြည့်လိုက်ရင်း. . .

"ဘာပဲဖြစ်ဖြစ် ရဲသူ ပြောကြည့်ပါဦး၊ အဆင်ပြေရင်လည်း ပြေမှာပေါ့"

"ဆောရီးပဲ နိုရာရယ်၊ ကိုယ် နိုရာကို ချစ်ပါတယ်၊ ဒါပေမယ့် အန်ကယ်ဇော်နဲ့တော့ ထိပ်တိုက်မတွေ့ချင်ဘူး"

နိုရာ အတော်ပင် စိတ်လက်ကုန်ခမ်းသွားရသည်။ တကယ်ဆို ဒီအချိန်မှာ ချစ်သူတစ်ယောက်အနေဖြင့် ပြောမပေးနိုင်လျှင်တောင် စာနာဖေးမသင့်သည် မဟုတ်ပါလား။

ခုတော့ ရဲသူပုံစံက အဲဒီလို မဟုတ်၊ သူနှင့် မဆိုင်သလို လုပ်နေသည်။ ထို့ကြောင့် ဒို့ထက်ပိုပြီးလည်း အောက်ကျို့ကာ မပြောချင်တော့။

ရဲသူကို အမိပွါယ်ပါပါ ကြည့်ကာ ထရပ်လိုက်ရင်း. . .

"ကောင်းပြီလေ. . . မပြောချင်ဘူးဆိုလည်း ရှင့်သဘောပါ၊ နိုရာလည်း အဲဒီကိစ္စကို ခံစားမနေတော့ပါဘူး"

ပြောရင်း နိုရာ လှည့်ထွက်လိုက်သည်။ ရဲသူက နိုရာကို ကြည့်ကာ ခေါင်းခါရင်း ကျန်ခဲ့သည်။

စိတ်ညစ်ညစ်နှင့် ကိုယ့်အခန်းဆီပဲ နိုရာ ပြန်လာခဲ့လိုက်သည်။ ဟိုတယ်ထဲမှ ဖြတ်အလျှောက်မှာ ကောင်တာရှေ့တွင် ရယ်ရယ်မော

မော စကားပြောနေကြသော ဆက်မော်နှင့် နေခြည်တို့ကို တွေ့လိုက်ရလေသည်။

ဆက်မော်နှင့် ရဲသူတို့၏စိတ်ဓါတ်ကို ယှဉ်စဉ်းစားမိရင်း နှိုရာ စိတ်ထဲမှာ ပထမဆုံး စစ်ကနဲ နာကျင်သွားရသည်။

ရဲသူနေရာမှာ ကိုဆက်ဆိုရင်တော့. . . အင်း. . .

နှိုရာ အများကြီး စဉ်းစားစရာ မလိုပါ။ ဆက်မော်သည် သူမကို အမြဲတစေ ကူညီဖေးမ နားလည်ပေးခဲ့သည် မဟုတ်ပါလား။

ခုတော့. . .



နှလုံးသားရဲ့ဘာသာစကားကို
မျက်လုံးတွေပေါ်မှာ ဖတ်ရှုနိုင်တယ်။



## (၁၀)

ထိုအချိန်မှာ. . . ဆက်မော်က ဟိုတယ်ကောင်တာရှေ့မှာ ရောက်နေခြင်းဖြစ်သည်။ ကောင်တာနောက်မှ ဟိုတယ်ယူနီဖောင်းလေး ဝတ်ထားသော နေခြည်ကို ကြည့်ရင်း. . .

"နေခြည်. . . နေခြည်နဲ့ ကျွန်တော် စကားပြောချင်တယ်"

မျက်နှာလေး ရဲသွားသော်လည်း နေခြည် ဟန်လုပ်လိုက်ကာ. . .

"ဟုတ်ကဲ့. . . ပြောပါရှင့်၊ ကျွန်မတို့ဟိုတယ်က လူကြီးမင်း

အတွက် ဘာအဆင်မပြေ ဖြစ်လို့ပါလဲ”

ဆက်မော် အသည်းယားသွားသည်။ နေခြည် တမင်လုပ်နေတာ သေချာသည်မို့ မချင့်မရဲ ဖြစ်သွားရပြီး. . .

“ဟာဗျာ. . . နေခြည်ကလည်း မနောက်ပါနဲ့၊ ကျွန်တော်က အကောင်းပြောတာပါ”

နေခြည် မချိုမချဉ်ပုံစံလေးနှင့်. . .

“အို. . . မနောက်ပါဘူးရှင်၊ လူကြီးမင်းကို မလေးမစား မလုပ်ရဲပါဘူး”

ဒီတစ်ခါတော့ နေခြည်ကို ကြည့်ကာ ဆက်မော် မနေနိုင်တော့။ ထို့ကြောင့် စိုက်ကြည့်ရင်း ပြောချလိုက်သည်။

“နေခြည်. . . ကျွန်တော် အတည်ပြောနေတာပါ၊ နေခြည်ကို ကျွန်တော်ချစ်တယ်”

“အို. . .”

မျက်နှာလေး ရဲစွေးကာ ရှက်ရွံ့သွားသည့် နေခြည့်ပုံစံလေးက အထင်းသား၊ ပတ်ဝန်းကျင်ကို မလုံမလဲ ကြည့်လိုက်ရင်းမှ. . .

“ဆရာကြီး ဟုတ်မှလည်း ပြောဦးနော်၊ နောက်မှာ ရှင့်အချစ်ဟောင်းကြီး ရှိတယ်”

ဆက်မော် ဆတ်ကနဲ လှည့်ကြည့်မိသည်။ ဖြတ်လျှောက်သွားသော နိုရာကို တွေ့လိုက်ရသော်လည်း ရင်ထဲမှာ ဘာမှ မခံစားရသလိုပင်။ ကိုယ့်ကိုယ်ပင် ဆက်မော် အံ့ဩသွားရ၏။

နေခြည်ဘက်ကို ပြန်လှည့်လိုက်ရင်း. . .

“မခနဲ့ပါနဲ့ နေခြည်ရယ်၊ ကိုယ် အားလုံးကို မေ့လိုက်နိုင်ပြီမို့

နေခြည်ကို ဖွင့်ပြောတာပါ”

“သေချာရဲ့လား ကိုဆက်မော်ရဲ့”

“နေခြည်ကို ချစ်တာတော့ အသေအချာပါပဲ၊ ကိုယ် ကျိန်ပြောရဲပါတယ်”

နေခြည် ခေါင်းလေး ငုံ့သွားသည်။

“အာ. . . ကိုဆက်မော်ကလည်း၊ အတိတ်ကို မေ့နိုင်ရဲ့လားလို့မေးတာ”

“အကုန်သေချာတယ်၊ ပြောပါဦး နေခြည်ရဲ့၊ ကိုယ့်ကို ဘယ်လိုသဘောထားလဲဆိုတာကို”

မဝံ့မရဲလေး ကြည့်လာပြီး နေခြည်က. . .

“ကိုဆက်မော်. . . ဒါ အလုပ်ချိန်ကြီးနော်”

“ဒါဆို အလုပ်ချိန် ပြီးရင် အဖြေပေးမှာလား”

“မသိဘူး”

မထုံတက်တေး လုပ်နေသော နေခြည်ကို ကြည့်ကာ ဆက်မော် ပိုပြီးအသည်းယားလာတော့သည်။

ထို့ကြောင့် တရှိုက်မက်မက် ကြည့်လိုက်ရင်း. . .

“အဲဒီလိုကြီးတော့ မလုပ်ပါနဲ့ နေခြည်ရယ်၊ တစ်ခုခုတော့ပြန်ပြောပါဦး”

“ဟင်. . . ချက်ချင်းကြီး ပြောရမှာလား”

နေခြည်စကားကြောင့် ဆက်မော်က ရယ်လိုက်ကာ. . .

“ဟာ. . . ဆောရီး. . ဆောရီး၊ အဲဒီလိုကြီးလည်း မဟုတ်ပါဘူး၊ ဒါပေမယ့် ကိုယ့်အတွက် အကောင်းဆုံးတော့ စဉ်းစားပေးပါလို့

ပြောချင်တာ”

“ဟုတ်ကဲ့ပါရှင်. . . ဟုတ်ကဲ့ပါ”

နေခြည်ပုံစံလေးကြောင့် ဆက်မော် ပျော်သွားရသည်။

နေခြည်က စိတ်ဆိုးနေဟန် မရှိပါ။

ထို့ကြောင့်. . .

“ကိုယ်သွားတော့မယ်နော် နေခြည်၊ ညနေမှ တွေ့တာပေါ့”

“အင်း. . .”

ဆက်မော် လှည့်ထွက်လာခဲ့သည်။ ရင်ထဲမှာလည်း လန်းဆန်းပေါ့ပါးနေ၏။

အခန်းထဲ ပြန်ရောက်တော့ ဂစ်တာလေး ကိုင်ကာ သီချင်းပင် ညည်းဆိုနေမိသည်။

ရှိုးပွဲတစ်ခုမှာ ဖျော်ဖြေနေရသလိုမျိုး မုခ်သွင်းလိုက်ပြီး. . .

“ပရိသတ်ကြီး မင်္ဂလာပါ. . . ဗူး. . . အုး. . . ကျွန်တော် ဒီနေ့ အရမ်းပျော်ပါတယ်၊ ကျွန်တော့်ကောင်မလေးက ဒီညနေမှာ ကျွန်တော့်ကို အဖြေပေးပါလိမ့်မယ်ခင်ဗျာ၊ အဲ့ဒါကို စောင့်မျှော်ရင်ခုန်ဖို့ ကျွန်တော် သီချင်းလေးတစ်ပုဒ် တီးပြပါမယ်. . . နားဆင်ကြည့်ပါ”

ဒေါက်. . . ဒေါက်

(ဟင်. . . ဘယ်က အကောင်လဲကွာ၊ အိုး. . . ဆိုးဆောရီး. . . ငါ့ရဲ့နေခြည်လေးများလား. . . အုံဖွ)

ဆက်မော် အပျော်အပျက်နဲ့ မျှော်လင့်ချက်တွေ ဖက်ထုပ်လုပ်ကာ မြို့ချရင်း တံခါးဖွင့်ကြည့်လိုက်သည်။

“ဟင်. . .”

အခန်းအပြင်ဘက်မှာ ဘယ်လိုမှ ထင်မထားသည့် နိုရာကို တွေ့လိုက်ရလေသည်။

၅ ၅ ၅ ၅

"အဲဒါပဲ ကိုဆက်ရာ၊ နိုရာတော့ တော်တော်စိတ်ပျက်သွားပြီ၊ ဒီအခွေလေးကို မျှော်လင့်ထားတယ်ဆိုမှ"

စကားအဆုံးမှာ ဆက်မော် သက်ပြင်းဖွဖွ ချဖြစ်သည်။ နိုရာအတွက်လည်း စိတ်မကောင်းဖြစ်သွားမိ၏။

"ဘယ်တတ်နိုင်မလဲ နိုရာရယ်၊ ဒါပေမယ့် နိုရာက အရည်အချင်း ရှိပါတယ်၊ နောက် ပရိုဂျူဆာ တွေ့ရဦးမှာပါ။ အဓိက,က နိုရာကြိုးစားနေဖို့ပဲ လိုတယ်"

စိတ်ရင်းအမှန်ဖြင့် ဆက်မော် အားပေးနှစ်သိမ့်လိုက်သည်။ နိုရာက ယဲ့ယဲ့လေး ပြုံးရင်း. . .

"အင်းပေါ့လေ. . . ခုတော့ ဒီလိုပဲ မျှော်လင့်ရတော့မှာပေါ့၊ တကယ်ဆို ရဲသူ ပြောပေးလို့ ရတာပဲ၊ ဟိုက အဆင်ပြေမပြေဆိုတာ မသိရပေမယ့် သူကိုယ်တိုင်က မပြောချင်ဘူး ဖြစ်နေတာ၊ ပရိုဂျူဆာက

သူ့ဦးလေးအရင်းကြီးပဲ၊ နီုရာက အဲဒါကို တင်းတာ. . . သိလား"

ဆက်မော်က. . .

"ဒါကတော့ နီုရာရယ်၊ သူတို့တူဝရီးကြားမှာလည်း ဘာအကန့်တွေ ရှိလဲမှ မသိတာ"

"ကိုဆက် ပြောတာလည်း ဟုတ်ပါတယ်၊ ဒါပေမယ့်လေ နီုရာ ခုလိုဖြစ်နေတာကို သူက သူနဲ့ ဘာမှ မဆိုင်သလို လုပ်နေတာ အခံရခက်ဆုံးပဲ"

"ဟင်. . . နီုရာတို့ ခု အဆင်မပြေကြဘူးလား"

နီုရာက တစ်ချက်စိုက်ကြည့်လာသည်။

ဆက်မော်က သူ့စကားအဓိပ္ပါယ် တစ်မျိုးဖြစ်သွားမှာစိုး၍. . .

"ဟိုလေ. . . ကိုယ် ဆိုလိုချင်တာက"

နီုရာက ရယ်လျက်ပင်. . .

"အဟင်း. . . နီုရာ နားလည်ပါတယ်၊ ဒီကိစ္စကလွဲရင် ကျန်တာ အဆင်ပြေပါတယ်၊ ဒါနဲ့ ကိုဆက်ကိုလည်း ဟိုတယ်က တစ်ယောက်နဲ့ အမြဲတွေ့နေရတယ်နော်"

"အင်း. . . ဒီရောက်မှ ခင်သွားတာပါ၊ သူ့ စိတ်ဓါတ်လေးကိုလည်း သဘောကျလို့"

မျက်နှာလေး မသိမသာ ပျက်သွားရင်း နီုရာ ပြောလာသည်။

"ဟုတ်မှာပါ. . . အဲဒီတစ်ယောက် ကြည့်ရတာလည်း ကိုဆက်ကို ညွှတ်နေသလိုပဲ"

အဲဒါဆိုရင်တော့ အကောင်းဆုံးပေါ့ဟု စိတ်ထဲက တွေးမိ

သည်။ ပါးစပ်ကတော့ ဘာမှမပြောဖြစ်ဘဲ ပြုံးရုံလေး ပြုံးလိုက်မိ၏။

နိုရာက အကဲခတ်သလို ကြည့်ရင်းကပင် . . .

"ကိုဆက် . . . ခု နေရတာ အဆင်ပြေတယ်လား"

"ကိုယ်လား . . . အဆင်ပြေပါတယ်၊ အရင်လို အိပ်မက်ဆိုးတွေ မမက်တော့ပါဘူး၊ ကိုယ့် ခံနိုင်ရည် ရှိနေပါပြီ"

စကားရဲ့အဓိပ္ပါယ်တွေကို နှစ်ယောက်သား ကိုယ်စီနားလည်လိုက်ကြသည်။

"ခုလိုကြားရတာ ကိုဆက်အတွက် ဝမ်းသာပါတယ်၊ ဒါနဲ့ နိုရာအတွက် သီချင်းရေးပေးဖို့ အစီအစဉ် ရှိသေးရဲ့လား"

ဆက်မော်က ပုံမှန်လေသံနှင့်ပဲ . . .

"ရေးပေးမှာပေါ့ . . . တစ်ပုဒ်တောင် ရေးပြီးသား ရှိတယ်၊ ရန်ကုန်မှာကတည်းက ရေးထားတာ"

"ဟင် . . . နိုရာကို ပြပါလား"

သီချင်းနှင့် ပတ်သက်လာလျှင် နိုရာက ဒီလိုပဲ သွေးဆူလွယ်တတ်သူဖြစ်သည်။ ဟိုးအရင်ကဆိုလျှင် ချက်ချင်းဆိုပြခိုင်းပြီးပြီ။

ခုတော့ အရင်လို အခြေအနေ မဟုတ်၍လားမသိ၊ နိုရာက . . .

"ဆောရီးနော် . . . ကိုဆက် အဆင်ပြေမှပါ"

အားနာဟန်လေးနှင့် ပြောလာသည်မို့ ဆက်မော် တစ်ချက်ရယ်လိုက်သည်။ ပြီး . . .

"ခဏလေးနော် နိုရာ"

ပြောပြီး အခန်းထဲ ဝင်ကာ ဂစ်တာသွားယူလိုက်သည်။ နိုရာက

ဂစ်တာကို ကြည့်ကာ အံ့ဩဟန်ဖြင့်. . .

"ဟင်. . . ကိုဆက်က ရန်ကုန်က ဂစ်တာပါ ယူလာတာလား"

"မဟုတ်ပါဘူး. . . ဒီရောက်မှ တစ်ယောက်က လက်ဆောင်ပေးထားတာ"

မျက်ခုံးလေး စုသွားရင်း နိုရာက. . .

"ဪ. . . ဟိုတယ်က ကောင်မလေးလား"

ခေါင်းညိတ်ပြလိုက်ရင်း ဆက်မော် ပြောလိုက်မိသည်။

"ကဲပါ. . . ကိုယ်သီချင်းဆိုပြမယ်နော်၊ နိုရာကြိုက်ရင်လည်း ယူဆိုပေါ့"

ဂစ်တာလေး တီးကာ ဆက်မော် သီချင်းဆိုပြလိုက်သည်။ နိုရာက ဝရံတာမှာ မှီပြီး ဆက်မော်ကို ကြည့်ကာ နားစွင့်နေသည်။

*အတိတ်ဟာxxxအိပ်မက်ဆိုးတွေနဲ့xxxxအရိပ်လိုxxxအစဉ်အမြဲလိုက်နေ xxx ညတွေဆို တစ်ယောက်တည်းပဲ xxxxxxxxxxxxxxxxxx*

သီချင်းဆုံးသွားတော့ နိုရာက. . .

"ကောင်းတယ်. . . နိုရာ ကြိုက်တယ်၊ ရောင်းမှာလား ကိုဆက်"

ဆက်မော်က အကြည့်ကို လွှဲရင်း. . .

"မရောင်းပါဘူး. . . ကိုယ် နိုရာ့ကို လက်ဆောင်ပေးပါ့မယ်၊ နိုရာ ကြိုက်တယ်ဆိုရင် ပြီးတာပဲ"

"ကိုဆက်ရယ်"

ခပ်တိုးတိုးလေး နိုရာ ညည်းလိုက်သည်။ စိတ်ထဲကလည်း

ဘယ်လိုထင်သွားသည် မသိ၊ ဆက်မော်ကတော့ စိတ်ရင်းစေတနာ အမှန်ဖြင့် ပေးလိုက်ခြင်းသာ ဖြစ်သည်။

နှစ်ယောက်သား အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြ၏။

ထိုအချိန်မှာပဲ. . .

"နိုရာ. . . မင်းတို့ ဒီမှာ ဘာလုပ်နေကြတာလဲ"

အသံစူးစူးနှင့်အတူ ရဲသူကို တွေ့လိုက်ရ၏။

နိုရာက ပြန်မဖြေသေးဘဲ ဆက်မော်ကို ကြည့်ကာ. . .

"ကိုဆက် သွားပြီနော်၊ သီချင်းစာသားတွေတော့ ရန်ကုန်ရောက်မှပဲ လာယူမယ်"

ပြောရင်း ရဲသူဘက်ကို လှည့်လိုက်သည်။

ရဲသူက သူ့ကို အူတိုသလို သဝန်ကျားသလို လှည့်ကြည့်ပြီး နိုရာအား ပခုံးဖက်ကာ ခေါ်သွားသည်။ ဆက်မော်လည်း အူကြောင်ကျား ဖြစ်နေသောစိတ်တွေနှင့် ပြန်ဝင်လာခဲ့သည်။ ပြီးမှ တံခါးပိတ်ကာ သူ၏ရှိုးပွဲကို ပြန်စ၏။

"ပရိသတ်ကြီး မဂ်လာပါ၊ ဘာမှမဖြစ်ပါဘူး. . . မီးပျက်သွားတာပါ"

၅ ၅ ၅ ၅

"မင်းတို့ ဘာတွေပြောပြီး ကြည်နူးနေကြတာလဲ နိုရာ"

လေသံခပ်တင်းတင်းနှင့် ရဲသူက မေးလာသည်။ ခုနက မြင်ကွင်းကြောင့် အစာမကြေ ဖြစ်နေပုံရ၏။

နိုရာက ခပ်တည်တည် ဟန်လေးနှင့်ပင်. . .

"စကားပြောနေကြတာလေ၊ ရဲသူ မြင်တာပဲ မဟုတ်လား"

"အေး. . . မြင်တယ် နိုရာ၊ မင်းကို ငါ ပြောထားတယ်နော်၊ အဲဒီလူနဲ့ ဝေးဝေးနေပါလို့"

စကားအဆုံးမှာ နိုရာက ခပ်ဟဟ ရယ်လျက်. . .

"ဘာဖြစ်လို့လဲ ရဲသူရယ်၊ နိုရာတို့က အရင်တုန်းတည်းက မိတ်ဆွေတွေလေ၊ သူက သီချင်းရေးတယ်၊ နိုရာက ဆိုတယ်၊ ဒီလောက်တော့ ဆက်ဆံရမှာပေါ့"

"တောက်. . ."

ရဲသူ တောက်တစ်ချက် ခေါက်လိုက်သည်။ နိုရာက ပခုံးလေး တွန့်ကာ မခိုးမခန့် ဟန်လေးနှင့်ပင် . . .

"အဟင်း . . . ရယ်ရတယ်နော်၊ ဘာလဲ . . . ရဲသူက သဝန်တို နေတာလား"

"မသိဘူးကွာ . . . ဒီမှာ နိုရာ၊ ခုချိန်မှာ မင်းဟာ ကိုယ့်ရဲ့ တရားဝင် ချစ်သူပဲ၊ ကိုယ့်စကားတော့ နားထောင်သင့်တယ်"

"ဩော် . . . ရဲသူကျတော့ရော နိုရာစကားကို အလေးအနက် ထားလို့လား"

"တော်ပြီကွာ . . . ကိုယ် မင်းနဲ့ ရန်မဖြစ်ချင်ဘူး နိုရာ၊ ကိုယ် ရှင်းရှင်းပဲ ပြောမယ်၊ ရိုက်ကူးရေးက နောက်နှစ်ရက်ဆို ပြီးပြီ၊ ပြီးရင် ချက်ချင်းပြန်မယ်၊ အရင်က ဆက်နေဖို့ စီစဉ်ထားတာတွေကို ဖျက်လိုက်ပြီ"

"ဒါကတော့ ရဲသူအပိုင်းလေ၊ နိုရာကတော့ ရိုက်ကူးရေး ပြီးရင် ပြန်ချင်လည်း ပြန်မယ်၊ ဆက်နေချင်လည်း နေမှာပဲ၊ အဲဒါကို မစဉ်းစားရ သေးဘူး"

"တောက် . . ."

ဒီတစ်ခါ တောက်ခေါက်သံကိုတော့ နိုရာ အတော်ပင် စိတ်ဆိုး သွားသည်။ ထို့ကြောင့် ရှုတင်းတင်း ကြည့်လိုက်ကာ . . .

"နိုရာကို အဲဒီလို လာမဆက်ဆံနဲ့ ရဲသူ၊ ရှင်နဲ့ကျွန်မ ချစ်သူဆိုတာ စာချုပ်ချုပ်ထားတာ မဟုတ်ဘူး၊ ဒီနေ့ပဲ ချက်ချင်းဖျက်လိုက်လို့ ရတယ်၊ နိုရာကို လာချုပ်ချယ်ဖို့ မကြိုးစားပါနဲ့ . . . ဒါပဲ"

ပြောရင်း အခန်းထဲ ဝင်ကာ တံခါးဆောင့်ပိတ်ပစ်လိုက်သည်။

စိတ်ပင်ပန်းစွာနှင့် ကုတင်ပေါ် ပစ်လှဲချရင်း တစ်ယောက်ယောက်ကိုပဲ သတိသွားရမိ၏။

တစ်ဆက်တည်းမှာပင် ဆက်မော်နှင့် နေခြည်တို့၏ ဆက်ဆံရေးကို ပြန်မြင်ယောင်ကာ စိတ်တွေ လေးလံသွားရ၏။

ပြီး နိုရာတစ်ယောက် ကိုယ့်စိတ်ကို အကြိမ်ကြိမ် ပြန်ဆန်းစစ်နေမိတော့သည်။

ထိုသို့ဖြင့်ပင် . . .





တစ်ကယ်လို့
ဘယ်သူကမှ သင့်ကို မချစ်ရင်
အဲ့ဒါ သင့်အပြစ်ပဲ



# (၁၁)

"ကျွန်မ တစ်ခုလောက် မေးချင်လို့ပါ"

ကောင်တာရှေ့ထိအောင် ရောက်လာပြီး လာမေးနေသော နိုရာကို ကြည့်ကာ နေခြည် ကြောင်အမ်းသွားရ၏။

သို့သော်လည်း အလိုက်သင့် ပြန်ပြုံးလိုက်ကာ. . .

"ဪ. . . ဟုတ်ကဲ့ မေးပါရှင်"

နှစ်ယောက်သား အကြည့်ချင်း ဆုံမိကြသည်။ နှစ်ယောက်စလုံး၏အကြည့်တွေက စူးစမ်းနေသလိုမျိုးဖြင့်။

နိုရာကပဲ. . .

"ဒီလိုပါ. . . ပုံလေ. . . မြို့ပေါ်မှာ လည်ပတ်သင့်တဲ့နေရာလေးတွေ သိချင်လို့ အဲဒါ ဘယ်နေရာတွေ သွားရင် ကောင်းမလဲလို့ လာမေးတာ"

"ဟုတ်ကဲ့. . . ဒီမြို့ပေါ်မှာတော့"

ဟု ပြောရင်း အသေအချာပင် ရှင်းပြပေးလိုက်သည်။ မြို့ပေါ်ရှိ ဘုရားနှင့် အခြားသွားသင့်သည့်နေရာတွေကိုပေါ့။

နိုရာက စကားအဆုံးမှာ. . .

"ကျေးဇူးပါပဲ. . . ဟို. . စပ်စုတယ်လို့ မထင်နဲ့နော်၊ ရှင်နဲ့ ကိုဆက်. . . အဲ. . . ကိုဆက်မော်တို့က တော်တော်ရင်းနှီးနေကြပြီထင်တယ်"

စိတ်ထဲ တစ်မျိုးဖြစ်သွားသော်လည်း နေခြည်က. . .

"ဟုတ်တယ်ရှင့်. . . သူက စိတ်ရင်းကောင်းသလို ခင်ဖို့လည်း ကောင်းတယ်"

နေခြည်အပြောကြောင့် နိုရာ စိတ်ထဲမှာ မဲ့လိုက်သော်လည်း မျက်နှာလေးကို ပြုံးထားရင်း. . .

"ဟုတ်လား. . . ဟုတ်မှာပါ၊ တို့တောင် ကိုဆက်နဲ့ ပတ်သက်ဖူးတာပဲ၊ သူနဲ့ နေရတာ စိတ်ချမ်းသာစရာ ကောင်းပါတယ်၊ အရင်ကဆို သူပဲ တို့အတွက် သီချင်းတော်တော်များများ ရေးပေးခဲ့တာ"

ဘာလိုင်းကြီးပါလားဟု နေခြည် တွေးလိုက်မိသည်။

ဘာအဓိပ္ပါယ်နှင့် လာပြောနေတာလဲဆိုတာ နေခြည် သဘောပေါက်သလို ဖြစ်လာ၏။

ဘာလဲ. . . သူက ငါနဲ့ ကိုဆက်မော်ကို မပတ်သက်စေချင်

တာလား၊ အိုး. . . သူနဲ့ ဘာဆိုင်လို့လဲ။

စဉ်းစားရင်းနှင့်ပင် နေခြည် ပြန်ပြောလိုက်မိသည်။

"အင်း. . . အရင်ကတော့ ဟုတ်မှာပေါ့၊ သိပ်မကြာသေးခင်ကပဲ ရှင်တို့သတင်းတွေ ဂျာနယ်တွေမှာ ဖတ်ရပါတယ်"

နိုရာ ကွက်ကနဲ မျက်နှာပျက်သွားသည်။ ချက်ချင်းပဲ မဲ့ပြုံးပြုံးလိုက်ရင်း. . .

"သတင်းတွေကတော့ ဒီလိုပါပဲ၊ နည်းနည်းဆိုရင် ပိုပိုသာသာရေးကြတာများတယ်လေ၊ အင်း. . . မနေ့ကတောင် ကိုဆက်နဲ့ စကားပြောဖြစ်သေးတယ်၊ အရင်လိုပဲ သီချင်းပြန်ရေးပေးဖို့ပါ"

တဖြည်းဖြည်းနှင့် နေခြည် စိတ်ရှုပ်လာသည်။

ထို့ကြောင့် ဖြောင့်ပဲ ဖွင့်မေးလိုက်၏။

"ဒီမှာ မနိုရာ၊ ရှင် ကျွန်မဆီက ဘာကို သိချင်နေတာလဲ၊ ပွင့်ပွင့်လင်းလင်းပဲ ပြောပါ"

ထိုအခါမှ နိုရာက မျက်လုံးလေး ပင့်ကာ. . .

"တို့လား. . . မင်းနဲ့ ကိုဆက်တို့ ဘယ်လောက်ပတ်သက်နေကြပြီလဲ ဆိုတာပါ၊ ရိုင်းသွားသလို ဖြစ်သွားရင် ဆောရီးနော်"

နေခြည် မျက်နှာတစ်ခုလုံး ထူအမ်းသွားရ၏။ စိတ်ကို တတ်နိုင်ဆုံး ထိန်းပြီး ပြန်ဖြေလိုက်သည်။

"ရပါတယ်. . . ကျွန်မ မညာတတ်ပါဘူး၊ ကိုဆက်မော်က ကျွန်မကို ပရိုပို့စ်လုပ်ထားတယ်"

"ဟင်. . ."

နိုရာ အံ့ဩနေမိစဉ်မှာပဲ နေခြည်က. . .

"အုံ့ဩသွားလို့လား. . . ကျွန်မတောင် ဒီနေ့ပဲ အဖြေပေးဖို့ စဉ်းစားထားတာ"

"ရှင်. . ."

နှစ်ယောက်သား စိုက်ကြည့်နေရင်းမှ နိုရာ ချာကနဲ လှည့်ထွက်သွားလေ၏။ နေခြည် ပြုံးလိုက်သောအပြုံးက အလွန်ပင် တောက်ပလေသည်။

ၛၛၛၛ

ပင်လယ်လှိုင်းတွေက တဝုန်းဝုန်း ရိုက်ခတ်နေကြသည်။ ကမ်းခြေရေစပ်မှာ နှစ်ယောက်သား လျှောက်နေကြရင်းမှ စကားမဆိုဖြစ်ကြသေး။ ငြိမ်သက်နိုင်သော လှိုင်းတွေကဲ့သို့ ရင်ထဲမှာလည်း ကိုယ်စီလှုပ်ရှားနေကြသည်။

"နေခြည်"

လျှောက်နေရာမှ ရပ်ကာ ဆက်မော် ခေါ်လိုက်၏။ နေခြည်က ဆတ်ခနဲ လှည့်ကြည့်သည်။

လေတိုက်၍ လွင့်ခါနေကြသော ဆံနွယ် လေးများကြားမှ အရှက်မျက်နှာလေးကို တွေ့လိုက်ရ၏။ ဆက်မော်ကပဲ. . .

"နေခြည်. . . ကိုယ့်ကို တစ်ခုခု ပြောဦးလေ"

နေခြည်က သက်ပြင်းဖွဖွချသည်။ ပြီးမှ. . .

"ကိုဆက်မော်ကို အရင်မေးစရာရှိတယ်"

"ဘာများလဲ နေခြည်ရဲ့"

"ကိုဆက်မော် အတိတ်ကို တကယ်ပဲ မေ့ပစ်လိုက်နိုင်ပြီလား၊ ကျွန်မ အရာအားလုံးအတွက် လိပ်ပြာသန့်ချင်လို့ပါ"

"သေချာပါတယ် နေခြည်၊ ကိုယ့်မှာ ဘာအိပ်မက်ဆိုးမှ မရှိတော့ပါဘူး၊ စိတ်သစ် လူသစ်နဲ့ အိပ်မက်အသစ်တစ်ခုကို နေခြည်နဲ့ အတူ မက်ချင်တာမျိုးပါ၊ ကိုယ့်အချစ်ကို အကြွင်းမဲ့ ယုံစေချင်တယ်"

နေခြည် ခပ်ဖြည်းဖြည်းပဲ ခေါင်းညိတ်ပြီး. .

"ကျွန်မ ယုံချင်ပါတယ်၊ ဒါပေမယ့်. . ."

"ဒါပေမယ့်ဆိုတာ ဘာလဲ နေခြည်"

အကြည့်ကို လွှဲရင်း နေခြည်က. . .

"မနေ့က ကျွန်မဆီ နီရာ လာသွားတယ်"

"ဘယ်လို နေခြည်. . . သူက ဘာလာလုပ်တာလဲ"

နေခြည်က အကျိုးအကြောင်းကို ပြန်ပြောလိုက်၏။

နားထောင်နေရင်း ဆက်မော် သက်ပြင်းသဲ့သဲ့ ချဖြစ်သည်။

နေခြည်ကပဲ. . .

"အဲဒါပဲ ကိုဆက်မော်၊ သူ့ပုံစံကြည့်ရတာ ကိုဆက်မော်အပေါ် အရင်ကလိုပဲ"

စကားမဆုံးခင်မှာပဲ ဆက်မော်က နေခြည်ပခုံးကိုင်ကာ ဆွဲလှည့်လိုက်ရင်း. . .

"သူ ဘာပြောပြော ကိုယ် စိတ်မဝင်စားဘူး နေခြည်၊ ကိုယ် သူနဲ့ ဆက်ဆံနေတာ မိတ်ဆွေတစ်ယောက်လို စိတ်နဲ့ပါ၊ ကျန်တာ ဘာအရောင်မှ မပါဘူး၊ ခုချိန်မှာ ကိုယ် စိတ်ဝင်စားတာ မျှော်လင့်နေတာ နေခြည့်အချစ်ကိုပဲ၊ ပြောလေ. . . ကိုယ့်အပေါ် နေခြည် ဘယ်လို

သဘောထားလဲလို့"

"မစောလွန်းဘူးလား ကိုဆက်မော်"

"ကိုယ့်အတွက် နောက်တောင်ကျနေပြီ နေခြည်ရဲ့"

အကြည့်ချင်း ဆုံနေပြီးမှ နေခြည် မျက်လွှာလေး ချသွားသည်။ ပြီး စကားသံ တိုးတိုးလေး ထွက်လာ၏။

"ကျွန်မ ပြောရမှာ ရှက်တယ်ရှင့်"

"မရဘူးကွာ. . . ကိုယ့်ကို ဒီလို မတင်မကျတော့ မပြောပါနဲ့"

"ကျွန်မ. . . ကျွန်မ ကိုဆက်မော်ကို မမုန်းပါဘူး"

ပြောရင်း ခေါင်းကလေး ငုံ့ချလိုက်သည်။

ဆက်မော်က ဝမ်းသာမှုကြောင့် တုန်ရီနေသောအသံဖြင့်. . .

"ဟာ. . . နေခြည် ကိုယ့်ကို ချစ်တာပေါ့နော်"


"အင်း. . ."

ဖြေသံလေးအဆုံးမှာပဲ ဆက်မော်က နေခြည်ကိုယ်လုံးလေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်တော့၏။

"သိပ်ချစ်တာပဲ နေခြည်ရယ်"

"အို. . ."

ပင်လယ်ဘက်ဆီမှ တိုက်ခတ်လာကြသော လေစီးတွေကပင် ချစ်သူနှစ်ယောက်ကြားသို့ တိုးဝင်၍ မဖြစ်နိုင်တော့သည့်အလား ရှောင်ထွက်သွားကြလေသည်။



စပေါ်မရှိ . .


လခမလို . .

လချုပ်မလို . .

ငါ့နှလုံးအိမ်မှာ လာနေပါ

ပိုပိုမိုမိုမေတ္တာနဲ့

ချစ်ခြင်းသာ လိုပါတယ်။



# (၁၂)

ဟိုတယ်ထဲ နှစ်ယောက်သား ပြန်ဝင်လာသည်အထိ နေခြည် မျက်နှာလေးက အရှက်မပြေသေးပဲ ပန်းရောင်ပြေးနေသေးသည်။ ဆက်မော် မျက်နှာပေါ်မှာလည်း ဝမ်းသာမှုက ဖုံးမရ ဖိမရ။

နေခြည်က တီးတိုးပြောလာ၏။

"ကို ပြန်နှင့်တော့လေ၊ ကျွန်မ ကောင်တာမှာ ခဏထိုင်လိုက်ဦးမယ်"

"ကိုယ် လိုက်ပို့မှာပေါ့ နေခြည်ရဲ့"

အကဲပိုနေသော ဆက်မော်ကို နေခြည်က မျက်စောင်းလေး ထိုးလိုက်သည်။

ကောင်တာနား ရောက်တော့ ရဲသူကို တွေ့လိုက်ရ၏။ အဝတ်အစားတွေနှင့်မို့ ပြန်ဖို့ စီစဉ်နေပုံရသည်။

ငွေရှင်းနေသော ရဲသူကို ကောင်တာမှ ကောင်မလေးက. . .

"အစ်ကိုတို့ တစ်ဖွဲ့လုံး ပြန်ကြမှာလားရှင့်"

ရဲသူက. . .

"အကုန်တော့ မဟုတ်ဘူး၊ ပြန်မှာက ခု သော့အပ်တဲ့အခန်းတွေပါ၊ ကျန်နေခဲ့တဲ့သူတွေလည်း ရှိတယ်"

ရဲသူ ပြန်မည်ဆိုတော့ နိုရာလည်း ပါပြီပေါ့ဟု ဆက်မော် တွေးလိုက်မိသည်။ အဲဒါလည်း ကောင်းပါသည်။ မဟုတ်လျှင် သူနှင့် နိုရာ မတော်တဆ ဆုံ၍ ဆက်ဆံနေတာကို နေခြည်တွေ့ပါက စိတ်မကောင်းဖြစ်နေဦးမည်။

ဆက်မော် စဉ်းစားနေစဉ်မှာပဲ ရဲသူက လှည့်ကြည့်ကာ မျက်နှာ မထီတရီ ဖြစ်သွားရင်း. . .

"အဟင်း. . . ခင်ဗျားကတော့ ရေ့လျှောက် ပျော်ပျော်ကြီးပေါ့ဟုတ်လား"

ပြောရင်း ချာကနဲ လှည့်ထွက်သွား၏။ ဘာအဓိပ္ပါယ်မှန်းလည်း စဉ်းစားလို့ မရပါ။ သူနှင့်နေခြည်တို့ တွဲနေသည်ကို ရွဲ့ပြီးပဲ ပြောသွားတာလား၊ ဆက်မော် ပခုံးသာ တွန့်လိုက်မိတော့၏။

နေခြည်ကို နှုတ်ဆက်ပြီး အခန်းပဲ ပြန်တက်လာခဲ့သည်။ ရေချိုးခန်းထဲ ဝင်ကာ သီချင်းတွေ အော်ဆိုပြီး ရေချိုးပစ်လိုက်သည်။

ပျော်ရွှင်မှုတွေကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းသွား၏။

ရေချိုးခန်းမှ ထွက်ကာ တဘက်ဖြင့် ရေသုတ်နေစဉ်မှာပဲ. . .

"ဒေါက်. . ဒေါက်. . ဒေါက်. . ဒေါက်"

တံခါးခေါက်သံကြောင့် မျက်ခုံးနှစ်ဖက် မြင့်သွားရသည်။

နေခြည်များ ကိစ္စတစ်ခုခုကြောင့် လာပြောတာလား။

တွေးရင်း တံခါးအမြန်သွားဖွင့်လိုက်၏

"ဟင်. . ."

မျက်ဝန်းမှာ မျက်ရည်စများနှင့် နိုရာကို တွေ့လိုက်ရ၏။

"ကိုဆက်. . . ကိုဆက်"

"နိုရာ. . . နိုရာ ဘာဖြစ်လာတာလဲ"

နိုရာ မပြောမဆို ဆက်မော်ရင်ခွင်ထဲ ပြေးဝင်ကာ ငိုချလိုက်ရင်း. . .

"ကိုဆက်. . . နိုရာ မှားသွားပြီ၊ အဟင့်. . . မှားသွားပြီ၊ သိလား"

ဆက်မော်က ဘာမှန်းမသိသေးပေမယ့် အလိုက်သင့် ပွေ့ထားလိုက်ပြီးမှ. . .

"ဘာဖြစ်လာတယ်ဆိုတာ ပြောစမ်းပါဦး နိုရာ့ရာ၊ ငိုနေတာကို ရပ်ပါဦး"

နိုရာက မျက်ရည်တွေကို သိမ်းသုတ်လိုက်ကာ. . .

"နိုရာလေ. . . အခွေအတွက် ရဲသူကို လက်ခံခဲ့တာ၊ ခု အခွေကိစ္စ ပျက်သွားတာလည်း ဦးဇော်လင်းက သူ့တူနဲ့နိုရာ ပတ်သက်နေလို့တဲ့"

"ဟာ. . . ဒီလူတွေကွာ"

ဆက်မော် နိုရာအတွက် မခံနိုင်ဘဲ ရေရွတ်လိုက်မိသည်။

နိုရာက မျက်ရည်တွေ ထပ်ကျလာရင်း. . .

"အဲဒါပဲ ကိုဆက်ရယ်၊ နိုရာ ရှက်လည်းရှက်၊ အရမ်းလည်း အားငယ်မိတယ်၊ ဒါကြောင့် ရန်ကုန်တောင် မပြန်ဖြစ်သေးဘဲ နေခဲ့တာ"

ဆက်မော်က နိုရာပခုံးကို ဖျစ်ညှစ်လိုက်ရင်းက. . .

"ဒါတွေက ဒီလောကမှာ ဖြစ်နေကျပါ နိုရာရယ်၊ ဘာမှ အားငယ်မနေနဲ့၊ ကိုယ့်ဘာသာ ရပ်တည်နိုင်အောင်ပဲ ဆက်ကြိုးစားပေါ့"

"ကိုဆက်. . . နိုရာကို စိတ်ဆိုးနေသေးလားဟင်"

"မဆိုးပါဘူး နိုရာရယ်၊ အရင်တုန်းကပဲ စိတ်မဆိုးခဲ့တာ၊ ကဲ. . . အခန်းပြန်ပြီးနားလိုက်ဦး၊ နိုရာ ပင်ပန်းနေပြီ"

နိုရာ မျက်ရည်တွေ သုတ်ရင်း ဆက်မော်ရင်ခွင်ထဲမှ ထွက်ကာ လှည့်လိုက်၏။

ထိုစဉ်. . .

အခန်းဝမှ စိုက်ကြည့်နေသော နေခြည်၏စူးရှသောမျက်ဝန်းများကို တွေ့လိုက်ရလေသည်။

နိုရာက ခပ်တည်တည်လေးပဲ အခန်းထဲက ထွက်သွားတော့၏။ အပေါ်အင်္ကျီ မရှိဘဲ ခါးမှာ တဘက်ပတ်ရင်း ကြောင်အမ်းကာ ရပ်နေမိသည်။

နေခြည်က စိမ်းစိမ်းမုန်းမုန်း ကြည့်လျက်. . .


"သစ္စာမရှိတဲ့လူ. . . ရှင့်ကို မုန်းတယ်"

"နေခြည်. . . နေခြည်. . . မဟုတ်ဘူး"

သို့သော်. . .

နေခြည် ချာကနဲ လှည့်ထွက်ကာ ပြေးသွားလေပြီ။





# (၁၃)

"**ကိုယ်** မှတ်ပါဘူးလို့ ရှင်းပြပြီးပြီပဲ နေခြည်ရာ"

"အို. . . မယုံဘူး. . . မယုံဘူး၊ ကျွန်မက မျက်စိနဲ့ တပ်အပ် မြင်ခဲ့ရတာ"

ဆက်မော်က ခေါင်းပြင်းပြင်းခါလိုက်သည်။

"အဲဒါကို နေခြည်ကို ပြောပြီးပြီပဲ၊ သူ အားငယ်နေလို့ ကိုယ်က နှစ်သိမ့်ပေးနေတာပါဆို"

နေခြည်က တစ်ဖက်ကို မျက်နှာလွှဲလိုက်သည်။

"တော်ပါတော့ ကိုဆက်မော်၊ ရှင့်စကားတွေလည်း မယုံတော့

ဘူး၊ ရှင့်ကတိတွေလည်း အယုံအကြည် မရှိတော့ဘူး၊ ရှင်နဲ့ ချစ်သူဖြစ်တာ အချိန်ဘယ်လောက်မှ မရှိသေးတာတောင် ဒီလိုတွေ ဖြစ်နေရင် နောက်ကို မဖြစ်လာနိုင်ဘူးလို့ ဘယ်သူတွေ ပြောနိုင်မှာလဲ"

"ကိုယ် တောင်းပန်ပါတယ် နေခြည်ရာ၊ ကိုယ် သူ့ပေါ်မှာ ဘာစိတ်မှ မရှိဘူး၊ နေခြည့်ကိုပဲ ချစ်တာပါ"

"မယုံဘူး . . မယုံဘူး၊ ရှင့်ကို မုန်းတယ်၊ ရှင် ကျွန်မရှေ့က ထွက်သွားပါ၊ ရှင် ဒီဟိုတယ်မှာ ဆက်နေရင် ကျွန်မ ဒီဟိုတယ်က ထွက်သွားမယ်"

ဒေါသဖြင့် တင်းမာနေသော နေခြည်မျက်နှာကို တစ်ချက်ကြည့်လိုက်ပြီးမှ. . .

"သွားဆိုလည်း သွားပါ့မယ် နေခြည်၊ ဒါပေမယ့် ကိုယ် နေခြည့်အပေါ် သစ္စာရှိခဲ့ပါတယ်၊ နောက်လည်း သစ္စာရှိနေဦးမှာပါ၊ အဲ့ဒါ နေခြည်အပေါ်မှာ ထားတဲ့ ကိုယ့်အချစ်ပဲ"

ပြောပြီး ချာကနဲ လှည့်ထွက်လာခဲ့သည်။ နေခြည် နားလည် လက်ခံလာအောင် ဘယ်လိုရှင်းပြရမည်မှန်းပင် မသိတော့ပါ။

အခန်းထဲ ပြန်ဝင်ကာ အဝတ်အစားတွေ သိမ်းလိုက်သည်။ ကုတင်ပေါ်မှ ဂစ်တာကလေးကို ကြည့်ရင်း ရင်ထဲမှာ ဆို့ကျင်လာမိသည်။

ခရီးဆောင်အိတ်ကို ဂစ်တာဘေးမှာ ချထားလိုက်ရင်း အခန်းအပြင်ဘက်သို့ ထွက်ခဲ့၏။

လှိုင်းတွေ တဝုန်းဝုန်းရိုက်ခတ်နေသည့် ပင်လယ်ပြင်သည် မာန်ဖီနေသည့်အလားပင်။ ရင်ထဲမှာ မွန်းကျပ်ဆူဝေလာရသည်။

ဘယ်လိုပဲဖြစ်ဖြစ် မနက်ဖြန် သူ ပြန်ရတော့မည်ပဲလေ။

အောက်ထပ်သို့ ဆင်းပြီး စားသောက်ခန်းမထဲသို့ ထွက်ခဲ့၏။ ဘားမှာ ထိုင်ကာ ဝီစကီ သောက်နေစဉ်မှာပဲ နောက်ဘက်ဝိုင်းဆီမှ အသံတစ်ချို့ကို ကြားလိုက်ရ၏။

"ဒီဓါတ်ပုံက ငါနဲ့ ကြိုက်နေတုန်းက ရန်ကုန်က ကလပ်တစ်ခုမှာ ရိုက်ထားတာကွ. . . မလန်းဘူးလား"

"ဟာ. . . လန်းလိုက်တာကွာ၊ အင်တာနက်ပေါ် တောင် တင်လို့ရတယ်. . . ကွက်တိပဲ"

"ဟား. . ဟား. . အဲဒီလောက်ထိ မရည်ရွယ်ပါဘူးကွာ၊ ငါ့ကိုခေါက်သွားတဲ့ သူ့ပုံကို ဒီမှာတိုတယ်ရဲ့ယောက်ျားလေးအိမ်သာထဲမှာပဲ ကပ်ထားလိုက်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက ခု ဒီဟိုတယ်မှာ ရှိနေတာလေ"

ဆက်မော် ဆတ်ခနဲ လှည့်ကြည့်မိသည်။ ပြောနေသူက နေခြည်နှင့် ကြိုက်ခဲ့ဖူးသည်ဆိုသော သော်ဇင်ဆိုသည့်လူ။

ဒါ. . . ဒါဆို အဲဒီဓါတ်ပုံက နေခြည်ပုံပေါ့၊ အဲဒီပုံသာ အခြားလူတွေ မြင်သွားရင်တော့. . . ဟာ. . . ။

ဆက်မော်ကိုယ်ထဲမှာ သွေးတွေ ရုတ်ချည်း ပူနွေးသွားရသည်။ ချက်ချင်းပင် သော်ဇင်တို့ဝိုင်းဆီ သွားလိုက်ပြီး. . .

"ဒီမှာကွာ. . "

ဆက်မော်က သော်ဇင်လက်မှ ဓါတ်ပုံကို ဆတ်ကနဲ ဆွဲယူလိုက်ပြီး. . .

သော်ဇင်က ဆတ်ကနဲ လှည့်ကြည့်သည်။

"ယုတ်မာတဲ့ကောင်. . . ကဲကွာ"

စကားသံနှင့် တစ်ဆက်တည်း ဆက်မော်လက်သီးက သော်ဇင့်ပါးပေါ် ကျသွားလေသည်။

ရုတ်တရက် ကြောင်အမ်းနေကြပြီးမှ သော်ဇင့်ဘော်ဒါတွေက. . .

"ဟာ. . . ဘလိုင်းကြီးပါလား"

"ချကွာ. . . ချ. . . ချ"

ထိုအသံတွေနှင့်အတူ အားလုံးပြေးဝင်ကာ ဝိုင်းထိုး ကြတော့၏။ တစ်ယောက်နှင့်သုံးယောက်မို့ တစ်ချက်ပြီးတစ်ချက် ဝင်လာသော လက်သီးတွေကို ဆက်မော် မခံနိုင်တော့။

သော်ဇင် ပြေးကန်လိုက်၍ ပစ်လဲကျသွားစဉ်မှာပဲ. . .

"ဟော့. . . ဟော့. . . တော်ကြတော့"

ဟိုတယ်မှ လုံခြုံရေး ဝန်ထမ်းတွေ ရောက်လာကြကာ သော်ဇင်တို့ အုပ်စုကို ဆွဲခေါ်သွားလေသည်။ လဲကျနေရာမှ လူးလဲထရင်း ဘောင်းဘီအိတ်ထဲမမှ နေခြည်ဓါတ်ပုံလေးကို စမ်းကြည့်လိုက်၏။

ဒီလောက်ဆိုလျှင်ပဲ သူ ခံရကျိုးနပ်ပြီ၊ နေခြည်လည်း အရှက်တကွဲ မဖြစ်တော့ဘူးပေ့ါ၊ ပြဿနာတွေ ရှည်လာမှာစိုး၍ သော်ဇင်တို့က ဓါတ်ပုံကို ပြန်တောင်းမသွားခြင်းဖြစ်သည်။

ထို့နောက် ကောင်တာမှာ ရှိနေသော နေခြည်ရှေ့သို့ သွားလိုက်ပြီး. . .

"ရော့. . . နေခြည့်ဓါတ်ပုံ၊ ဟိုကောင် သော်ဇင် ဒီဟိုတယ်က တစ်နေရာမှာ ကပ်မလို့ စီစဉ်နေတာ တွေ့လို့ တောင်းလာတာ"

"ဟင်. . ."

ဓါတ်ပုံကို ကြည့်ပြီး နေခြည်မျက်နှာတစ်ခုလုံး ထူပူသွားရ၏။ ဒီဓါတ်ပုံက ရန်ကုန်က ကလပ်တစ်ခုမှာ သူမ ရှန်ပိန်တွေ မူးပြီး ရိုက်ထားခြင်းဖြစ်သည်။

ဒီဓါတ်ပုံသာ တစ်ယောက်ယောက် တွေ့သွားပါက သူမဘဝ တော့ သွားပြီ။ အရှက်ကွဲလိုက်မည့်ဖြစ်ခြင်း။

ယူလာပေးသော ဆက်မော်ကိုလည်း မော့ကြည့်လိုက်၏။

"အို. . ."

မျက်နှာတစ်ခုလုံး ဒဏ်ရာတွေနှင့်မို့ နေခြည်ပင် လန့်သွား ရ၏။ ဒါ သော်ဇင်တို့နှင့် ရန်ဖြစ်လာတာပဲ ဖြစ်မည်။


နေခြည် ဘာပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ ဆက်မော် က. . .

"ကိုယ် ဘာမှ မဖြစ်ပါဘူးနေခြည်၊ ကိုယ် မနက်ဖြန် ပြန်တော့ မယ်လို့ လာနှုတ်ဆက်တာပါ"

ပြောရင်း လှည့်ထွက်လိုက်၏။ လှမ်းခေါ်လိုက်မည် ကြံပြီးမှ နေခြည် မခေါ်ဖြစ်လိုက်ပါ။ စဉ်းစားတွေဝေနေရင်း ဆက်မော်က သူမ မြင်ကွင်းထဲမှ ပျောက်သွားတော့သည်။



နှလုံးသားက ချစ်တဲ့အရပ်ကို . . .
ခြေထောက်တွေကပဲ
သယ်ဆောင်သွားတာပါ . . ။



# (၁၄)

ထိုလပိုင်းတွေထဲမှာ ဆက်မော် အလုပ်ထဲပဲ စိတ်နှစ်ထား လိုက်သည်။ ရန်ကုန်သို့ ပြန်ရောက်ပြီးမှ သီချင်းတွေလည်း ရေးဖြစ်၏။ နိုရာနှင့် ရန်ကုန်မှာ ပြန်တွေ့တော့လည်း သာမန်ထက်ပိုသည့် ဆက်ဆံ ရေးမျိုး မရှိပါ။ သို့နှင့် အချိန်တွေ ကုန်လွန်ခဲ့သည်မှာ ခြောက်လနီးပါး ရှိခဲ့ပြီ။

နေခြည် လက်ဆောင်ပေးခဲ့သည့် ဂစ်တာလေးကို တီးပြီး နေခြည်ကို လွမ်းသည့်သီချင်းတွေ ရေးဖြစ်သည်။ ချစ်ရသော နေခြည် တစ်ယောက် သူ့ကို သတိမှ ရပါလေစ မသိပါ။

နေခြည်ဆီ ဖုန်းဆက်ရန် အကြိမ်ကြိမ် ကြံစည်ဖြစ်သော်လည်း တကယ်တမ်းကျတော့ မဆက်ဖြစ်၊ သတိရစိတ်တွေက သီချင်းသံစဉ်တွေအဖြစ်သာ အသွင်ပြောင်းခဲ့သည်။

သို့နှင့်. . .

တစ်ရက်တော့ ပရိုဂျူဆာတစ်ယောက်က ဆက်သွယ်လာပြီး သူရေးသောသီချင်းတွေကိုပဲ အဆိုတော် အများစုက သီဆိုသည့် ပွဲတစ်ပွဲ လုပ်ရန်ပြောလာသည်။

ဆက်မော် ဝမ်းသာအားရ လက်ခံလိုက်၏။ သူ နာမည်ရလာလို့သာ ဒီလိုပွဲမျိုး လုပ်ခွင့်ရလာခြင်း မဟုတ်ပါလား။ ထိုပွဲမှ ရသောအကျိုးအမြတ်ကိုလည်း မိဘမဲ့ကလေးကျောင်းသို့ လှူမည့် ရန်ပုံငွေပွဲမို့ ဆက်မော် ပို၍ကျေနပ်မိသည်။

ထိုပွဲကျင်းပမည့် သတင်းကိုလည်း ဂျာနယ်စာစောင်တွေက ဖော်ပြနေကြပြီ။ သူငယ်ချင်းဖြစ်သူ ဝင်းမိုးကပင်. . .

"ဟေ့ကောင်. . . မင်းရဲ့နေခြည်ဆီ အဲဒီပွဲ ဖိတ်စာလေး ပို့လိုက်ပါလား၊ လာချင်လာမှာပေါ့ကွ"

ဆက်မော်က ခေါင်းအသာခါပြရင်း. . .

"မပို့တော့ပါဘူးကွာ. . . သူ လာချင်မယ် မထင်ပါဘူး၊ ငါ့ကိုလည်း မေ့နေလောက်ပါပြီကွာ"

"ဟာ. . . ဒါကတော့ မင်းရဲ့တစ်ဖက်သတ် အမြင်ပဲကွ၊ မင်းအာသာပဲ တစ်ယောက်တည်း စွတ်ခံစားနေတာ"

ပြောမှပဲ ပို၍သတိရလာမိတော့သည်။ အခန်းထောင့်မှာထောင်ထားသည့် ဂစ်တာလေးကို ကောက်ကိုင်လိုက်တော့ ဝင်းမိုးက

သဘောကျသလို ခေါင်းတဆတ်ဆတ် ညိတ်ပြီး လှည့်ထွက်သွားတော့၏။

ဂစ်တာတီးနေသော ဆက်မော်စိတ်ထဲမှာတော့ နေခြည်ကို သတိရစိတ်တွေကလွဲပြီး ဘာမှ မရှိတော့ပါ။



ဟောဒီမှာ
သစ်သီးချိုချိုတွေ
ပန်းလှလှလေးတွေ
သစ်ရွက်ကြွေလေးတွေနဲ့
သစ်ကိုင်းလေးတွေ ရှိတယ်။
ပြီးတော့
ဒီမှာ မြင်အောင် ထပ်ကြည့်လိုက်
မင်းအတွက် သီးသန့်ခုန်နေတဲ့
ငါ့ရဲ့နှလုံးသားလည်း ရှိနေပြန်ရဲ့. . ။



## (၁၅)

ရန်ပုံငွေ စတိတ်ရှိုးပွဲက စည်ကားလှပါသည်။ ဂီတလောကသားများအပြင် ရိုက်ကူးရေးအဖွဲ့တွေနှင့် အပြင်ဧည့်သည်တွေပါ တက်ရောက်အားပေးကြပါသည်။

အဆိုတော်တစ်ယောက် တက်လာတိုင်းလည်း လက်ခုပ်သံတွေက တဖြောင်းဖြောင်းနှင့်။

အဆိုတော်တွေအားလုံး ပြီးသွားတော့ ပွဲစီစဉ်သူက စင်ပေါ် တက်လာပြီး . . .

"အခု အထူးအစီအစဉ်တစ်ခု ရှိပါသေးတယ်၊ အဲဒါကတော့ အဟဲ. . . ကံစမ်းမဲ ဖောက်ပေးမှာ. . အဲ. . . လုံးဝမဟုတ်ပါဘူး"

ရယ်သံတွေ ထွက်လာကြ၏။ ပြီးမှ စကားဆက်လိုက်၏။

"အဲဒါက ဘာလဲဆိုတော့ ဒီနေ့ ဆိုသွားတဲ့သီချင်းတွေအားလုံးကို ရေးစပ်သူဖြစ်တဲ့ တေးရေး ဆက်မော်ရဲ့သီဆိုဖျော်ဖြေမှုပါ၊ နားဆင်ကြပါဦးခင်ဗျ"

လက်ခုပ်သံတွေ ထွက်လာကြသည်။ ဒီအစီအစဉ်က ပွဲစီစဉ်သူအတင်းခိုင်းသည်ကတစ်ကြောင်း၊ ရန်ပုံငွေပွဲလည်း ဖြစ်နေသည်မို့ ဆက်မော် လက်ခံလိုက်ခြင်းဖြစ်သည်။

နေခြည်ပေးခဲ့ဖူးသော ဂစ်တာလေး လွယ်ပြီး စင်ပေါ် တက်သွားလိုက်၏။ ပရိတ်သတ်ကို ဂါရဝ ပြုလိုက်ပြီးမှ. . .

"မင်္ဂလာပါ. . . ကျွန်တော့်ဘဝမှာ စင်ပေါ်မှာ တစ်ခါမှ သီချင်းမဆိုဖူးပါဘူး၊ ဒါပေမယ့် ဒီတစ်ခါ ဆိုဖြစ်တာက ရန်ပုံငွေပွဲဖြစ်နေတာရယ်၊ ပြီးတော့ ဒီဂစ်တာလေးက ကျွန်တော် အမြတ်နိုးဆုံး ကောင်မလေးတစ်ယောက်က လက်ဆောင်ပေးခဲ့တာပါ၊

သူပေးတဲ့ဂစ်တာနဲ့ သီချင်းတွေ ရေးဖြစ်ရင် ကျေနပ်ပါတယ်လို့ ကျွန်တော့်ကို ပြောခဲ့ပါတယ်၊ ကျွန်တော်လည်း ဒီဂစ်တာလေးနဲ့ သီချင်းတွေ ရေးဖြစ်ခဲ့တာမို့ ဒီဂစ်တာလေးကို ဂုဏ်ပြုတာပါ၊ ပြီးတော့ တစ်နေရာက တစ်ယောက်သောသူကိုလည်း သိစေချင်လို့ပါ"

လက်ခုပ်သံတွေ ထပ်ထွက်လာပြန်သည်။ ဆက်မော်က နေခြည်ကို ရည်ရွယ်ပြီး ရေးထားသော ဗီးနပ်စ်ရဲ့ကမ်းခြေဆိုသည့် သီချင်းလေးကို ဆိုလိုက်သည်။ ရင်ထဲက လှိုက်လှိုက်မောမော ခံစားပြီး

ဆိုလိုက်ခြင်းဖြစ်၏။

ထိုသီချင်းကိုပင် ဆက်မော် ဘယ်သူ့ကိုမှ မရောင်းဖြစ်ဘဲ သိမ်းထားခြင်းဖြစ်သည်။ နေခြည်ကို ရည်ရွယ်ကာ ရင်ထဲမှာ နင့်နေအောင် ခံစားပြီး ရေးခဲ့သောသီချင်း မဟုတ်ပါလား။

သီချင်းဆုံးတော့ လက်ခုပ်သံတွေ ထွက်လာကြတော့၏။ ဆက်မော်က ကျေးဇူးတင်စကားပြောရင်း ရစ်ဝိုင်းလာသော မျက်ရည်တွေကို မသိမသာ သုတ်လိုက်ရသည်။

အတန်ကြာတော့ ပွဲပြီးပြီမို့ လူတွေပင် အလျှိုလျှို ပြန်ကုန်ကြပြီ၊ ဘာရယ်ကြောင့်မသိ၊ ဆက်မော်စိတ်ထဲမှာ နေခြည်ကို သတိရစိတ်တွေက အလွန်အမင်း ပြင်းထန်လာသည်။

ထို့ကြောင့်. . .

ဖုန်းဖွင့်လိုက်ရင်း တစ်ခါမှ မခေါ်ဖြစ်သည့် နေခြည့် ဟန်းဖုန်းနံပါတ်ကလေးကို နှိပ်လိုက်၏။

"ဟလို. . ."

တစ်ဖက်မှ ထူးသံကြောင့် ဆက်မော်ရင်ထဲမှာ လှိုက်ကနဲ ဖြစ်သွားရသည်။

ဆက်မော်က. . .

"နေခြည်လားဟင်"

"ဟုတ်ပါတယ်"

"ကိုယ် ဆက်မော်ပါ"

"သိသားပဲ. . . ပြောလေ"

ရင်တွေ အခုန်မြန်လာရသည်။ ဒါ စိတ်ဆိုးနေသောအသံ

မဟုတ်ပါ၊ ထို့ကြောင့် ဝမ်းသာတုန်ရီမှုတွေနှင့်. . .

"နေခြည်. . . ကိုယ် ဒီနေ့ ပွဲတစ်ပွဲမှာ သီချင်းဆိုဖြစ်တယ် သိလား"

"ကြားပါတယ်. . . ကျွန်မကိုတောင် မဖိတ်ဘူး"

ဂျာနယ်တွေထဲမှာ နေခြည် ပွဲအကြောင်း ဖတ်မိခြင်း ဖြစ်မည်။ ဆက်မော်က အားနာသံလေးဖြင့်. . .

"ဟာ. . . ဆောရီးပဲ နေခြည်ရယ်၊ ကိုယ် အရမ်းဖိတ်ချင်ပါတယ်၊ နေခြည် စိတ်ဆိုးနေတုန်းပဲလို့ ထင်လို့လေ"

ခုမှပဲ အရမ်းနောင်တရသွားမိသည်။

နေခြည်က. . .

"မဖိတ်လည်း ရပါတယ်၊ ဒါပေမယ့် စင်ပေါ်မှာ အမြတ်နိုးဆုံး ကောင်မလေးတစ်ယောက်ဆိုပြီး ပြောသွားတာတော့ မကောင်းဘူး သိလား"

"ဒါကတော့ နေခြည်ရယ်. . . နေခြည်ကို သတိရလို့ပါ၊ အဲ. . ."

ပြောနေရင်းမှ သတိရသွားကာ. . .

"ဟင်. . . နေ. . နေခြည်က အဲဒါ ဘယ်လိုသိတာလဲဟင်၊ နေခြည်. . . နေခြည် လာကြည့်တယ် မဟုတ်လား"

နေခြည်က တခစ်ခစ် ရယ်တော့သည်။ ရင်ထဲမှာလည်း ဆွတ်ပျံ့ကြည်နူးလာရ၏။

"နေခြည်. . နေခြည်. . ဘယ်မှာလဲဟင်၊ ကိုယ် တွေ့ပါရစေ နေခြည်ရယ်၊ အရမ်းသတိရတာပဲ၊ နေခြည် ပုန်းမနေပါနဲ့ကွာ"

☺ အောင်မြင်စာပေ ☺

"မပုန်းပါဘူး . . . ရှိသားပဲဥစ္စာ"

"ဟင်. . . ဘယ်မှာလဲ"

"ဒီမှာလေ. . . ရှာကြည့်ဦးမှပေါ့"

ဆက်မော် ဘေးဘီဝဲယာကို ကြည့်လိုက်သည်၊ မတွေ့။ ပြီးမှ နောက်ကို ဝုန်းခနဲ လှည့်ကြည့်မိ၏။

"ဟာ. . ."

ပျော်ရွှင်မှုတွေက သဲသဲလှုပ်သွားရလေသည်။ သူ့နောက်ဘက်မှာတော့ ချစ်ရည်ရွှန်းလဲ့သော မျက်လုံးလေးတွေနှင့် နေခြည်ကို တွေ့လိုက်ရလေ၏။

အပြေးလေး သွားတွာ ဘာမှပြောမနေဘဲ ရင်ခွင်ထဲ ကျစ်ကျစ်ပါအောင် ဖက်လိုက်တော့သည်။

"အို. . ."

"နေခြည်ရယ်. . . သတိရလိုက်တာ"

"အာ. . . လွှတ်ဦးကွာ၊ လူတွေ ရှိနေတာကို"

ခုမှ သတိဝင်လာပြီး လူချင်း ခွာလိုက်သည်။

"နေခြည် ကိုယ့်ကို ခွင့်လွှတ်တယ် မဟုတ်လား"

"ဩော်. . . ဒီအထိတောင် ရောက်နေတဲ့ဟာကိုပဲ မေးနေရသေးတယ်"

"အိပ်မက်လို ဖြစ်နေလို့ပါ နေခြည်ရယ်၊ တကယ်ကို မယုံနိုင်ဘူး"

"ဒါဆိုလည်း အသားကို ဆိတ်ကြည့်ပေါ့"

"ဟာ. . . နေခြည် နာသွားမှာပေါ့၊ ပါးကလေးပဲ ဖွဖွနမ်း

မယ်လေ"

"သွားပါ"

ရှက်စနိုး ပြောရင်း နေခြည်က မျက်စောင်းလေး ထိုးသည်။

ထိုအချိန်မှာပဲ ကောင်လေးတစ်ယောက် အနားသို့ ရောက်လာပြီး. . .

"ကိုဆက်မော် ကျွန်တော်က ကျူးပစ်ဂျာနယ်ကပါ၊ ဟို. . အစ်ကို ခုနက ပြောခဲ့တဲ့ ဂစ်တာပိုင်ရှင်လေးဆိုတာကို သိချင်လို့ပါ"

ဆက်မော်က အားရဝမ်းသာသံနှင့်ပင်. . .

"သိချင်ရုံမကဘူး၊ ဓါတ်ပုံပါ ရိုက်သွားလိုက်ကွ၊ ဂစ်တာပိုင်ရှင်က နေခြည်ဆိုတဲ့ ကိုယ့်ချစ်သူ သူပဲ"

"အာ. . . ကိုကလည်း"

နေခြည် ရှက်သံဝဲဝဲလေးကိုပင် ဂရုမစိုက်တော့ဘဲ ပခုံးကို သိုင်းဖက်လိုက်သည်။ တဖျတ်ဖျတ် ရိုက်နေသော ကင်မရာ မီးရောင်တွေအောက်မှာ ချစ်သူနှစ်ယောက်၏ဘဝပုံရိပ်များလည်း ထာဝရ လှပနေတော့မည်သာ။

ပြီးတော့လည်း ချစ်သူလေးနှင့်အတူ ဗီးနပ်စ်ရဲ့ကမ်းခြေဆီသို့ ဟန်နီးမွန်း ခရီးစဉ်ကလည်း. . .